

LIFT

# LIFT ၏ စိတ်ဝင်စားဖွယ်ရာများ

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသစီးပွားရေးသည်
ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည့်၊
စိုက်ပျိုး ထုတ်လုပ်မှု နှင့် ပြည်သူများ၏
ကြံ့ကြံ့ခံနိုင်မှုများ ပိုမိုကောင်းမွန်လာမည့်
သိသာထင်ရှားသော အခွင့်အလမ်းများနှင့်အတူ
ဆက်လက်ပြောင်းလဲလျက် ရှိသည်။

# LIFT ၏ စိတ်ဝင်စားဖွယ်ရာများ

ဤအစီရင်ခံစာကို ၂၀၁၈ ခုနှစ်အတွင်း LIFTမှ ရန်ပုံငွေထောက်ပံ့ပေးခဲ့သည့် စီမံကိန်းများမှ အချက်အလက်များကို အခြေခံ၍ ရေးသားပြုစုထားပြီး ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်နိုင်ငံများနှင့် မစ်ဆူဘီရှီ ကော်ပိုရေးရှင်းတို့မှ ဘဏ္ဍာရေး ထောက်ပံ့ထားပါသည်။

ဤအစီရင်ခံစာပါ ဖြစ်ရပ်လေ့လာမှုများမှာ ထူးခြားပြီး လက်တွေ့ဘဝတွင် ဖြစ်ပေါ်နေသည့် နမူနာများ၊ စီမံကိန်းများကို သရုပ်ဖော်ပြခြင်းဖြင့် LIFTအကြောင်း ပိုမိုနားလည်လာစေရန် ရည်ရွယ်၍ ရွေးချယ်ဖော်ပြထားခြင်း ဖြစ်သည်။ သို့ရာတွင် ဤဖြစ်ရပ်လေ့လာမှုများသည် LIFT၏ စီမံကိန်းအချို့ကိုသာ မီးမောင်းထိုးဖော်ပြရန် ရည်ရွယ်ထားခြင်း မဟုတ်သကဲ့သို့၊ LIFT၏ စီမံကိန်းများက အခြားစီမံကိန်းများအား လွှမ်းမိုးရန်လည်း ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဖြစ်ရပ်လေ့လာမှုများသည် အရေးကြီးသော စီမံချက်များ ဖြစ်ကြသော်လည်း၊ LIFT၏ လုပ်ငန်းအားလုံးကို လွှမ်းခြုံဖော်ပြနိုင်စွမ်းမရှိပါ။

LIFT၏ စီမံကိန်းအားလုံးကို ၂၀၁၈ နှစ်ပတ်လည် အစီရင်ခံစာ တွင် ရည်ညွှန်းကြည့်ရှုနိုင်ပါသည်။


**အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ**

UNOPS ရန်ပုံငွေစီမံခန့်ခွဲရေးရုံး

အမှတ် ၁၂(အို)၊ ပြည်သူ့လမ်းသွယ်၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်

ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

ဖုန်း - +၉၅ ၁ ၆၅ ၇၂၈၀ မှ ၆၅၇၂၈၇ ဖက်စ် - +၉၅ ၁ ၆၅ ၇၂ ၇၉

အီးမေးလ် - lift@unops.org

www.lift-fund.org | facebook.com/liftfund | twitter.com/LIFTfund

# မာတိကာ


၄ LIFT အကြောင်း

အဓိကနယ်ပယ်များ

၆ ▶အာဟာရပြည့်ဝရေး

၁၀ ▶ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

၁၄ ▶စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာဆိုင်ရာ စနစ်များ

၁၈ ▶သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းမှု

၂၂ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းရေး

၂၄ ကြံ့ကြံ့ခံနိုင်ခြင်း

၂၆ ကျား၊ မ တန်းတူညီမျှမှု

၂၈ မသန်စွမ်းမှု

၃၀ မြေယာ

# LIFT အကြောင်း




**LIFTသည် အလှူရှင်များစွာ ပါဝင်သော ရန်ပုံငွေ** ဖြစ်ပြီး ၂၀၀၉ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပါသည်။ ယနေ့အထိ နိုင်ငံတကာ အလှူရှင် (၁၅)ဖွဲ့ ထံမှ ရန်ပုံငွေများ လက်ခံရရှိခဲ့ပြီး၊ မြန်မာနိုင်ငံရှိ မြို့နယ်စုစုပေါင်း၏ ၇၅% တွင် ပြည်သူ ၁၁.၆ သန်းအတွက် ဖြန့်ကျက်ကူညီ ဆောင်ရွက်နိုင် ခဲ့သည်။ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပြောင်းလဲနေသော အခြေအနေတို့တွင် LIFT၏ အကူအညီ သက်ရောက်မှု အမြင့်ဆုံးဖြစ်စေရေး အတွက် LIFT မဟာဗျူဟာကို ၂၀၀၉ ခုနှစ်မှ စ၍ (၃) ကြိမ်တိုင်တိုင် မွမ်းမံပြင်ဆင်ခဲ့သည်။

၂၀၀၉ ခုနှစ်မှ၂၀၁၂ ခုနှစ်အထိ - LIFT၏ ပထမဆုံးသော မဟာဗျူဟာသည် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခံခဲ့ရသည့် ကျေးလက်နေပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှုအကူအညီများ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် အဓိက အလေးထားခဲ့သည်။



၂၀၁၂ မှ ၂၀၁၄ ခုနှစ်အထိ - LIFT၏ ဒုတိယအကြိမ် မဟာဗျူဟာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာပြင်ပ ဝင်ငွေ ရရှိနိုင်သည့် လုပ်ငန်းများမှ တဆင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးတက် ရရှိရေးအတွက် ဖွံ့ဖြိုးရေး အခြေပြုသည့် ချဉ်းကပ် နည်းများသို့ ပိုမိုဦးတည်လာခဲ့သည်။





၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ - အကြီးစား ပြန်လည်သုံးသပ်မှု ပြုလုပ်ထားသည့် LIFT၏ တတိယ အကြိမ် မဟာဗျူဟာသည် ကျေးလက်နေပြည်သူများအား "ထုတ်လုပ်မှု ပိုမိုမြင့်မားလာခြင်း/တက်လှမ်း (step up)" "စိုက်ပျိုးရေးပြင်ပတွင်လည်း ဖြစ်ထွန်းခြင်း/ထွက်ခွာ (step out)" နှင့် "ကြံ့ကြံ့ခံနိုင်ခြင်း/တောင့်ထား (hang in)" တို့တွင် ကူညီပေးနိုင်ရန်အတွက် ဖွံ့ဖြိုးရေးအခြေပြုသည့် ချဉ်းကပ်နည်းလမ်းကိုသာ အဓိက ဦးတည်ထားပါသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ - LIFT၏ နောက်အဆင့် မဟာဗျူဟာမှာ ယခင် မဟာဗျူဟာအပေါ်တွင်ပင် တည်ဆောက်ထားပြီး၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အသွင်ကူးပြောင်းရေးတွင် "မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရေး (leaving no one behind)" ကို ဗဟိုပြုထားပါသည်။ နောက်အဆင့်အတွက် မဟာဗျူဟာတွင် အောက်ပါ နယ်ပယ်များအား ဦးတည် အာရုံစိုက်ထားပါသည် >>>

Sustainable Development Goals (SDGs)






## ရည်မှန်းချက်ပန်းတိုင်များနှင့် ရလဒ်များ

LIFTသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေး လုပ်ငန်းများမှတဆင့် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူအုပ်စုများကို အထူးပြုလျက် ပြည်သူများ၏ ကြံ့ကြံ့ခံနိုင်မှုတိုးတက်စေရေးဟူသော အဓိက ဦးတည်ချက်ကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားပါမည်။ LIFT၏ ရည်မှန်းချက်မှာ အထူးသဖြင့် ရည်မှန်းချက် ပန်းတိုင်အမှတ် (၁)၊ (၂)၊ (၃)၊ (၅)၊ (၆)၊ (၈)၊ (၁၀) နှင့် (၁၁) တို့ အပါအဝင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များ (SDGs) ရရှိစေရေးအတွက် နိုင်ငံအဆင့် ကြိုးပမ်းအားထုတ်မှုများတွင် ထည့်ဝင်ကူညီ ဆောင်ရွက်ပေးရန်ဖြစ်သည်။





<<<

- အားလုံးပါဝင်စေခြင်းနှင့် လူမှုဝန်းကျင် ပေါင်းစည်းညီညွတ်မှုကို ပိုမိုဦးတည်ခြင်း
- ကျား/မတန်းတူညီမျှမှုနှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ပိုမိုဆောင်ရွက်ခြင်း
- တိုင်းရင်းသားပြည်နယ်များ/ နယ်စပ်ဒေသ ပြည်နယ်များနှင့် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် နယ်မြေဒေသများကို ပိုမိုဦးတည်ခြင်း
- နိုင်ငံတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် ပြည်သူများ နှင့် နေရပ်ပြန်ပြည်သူများအား LIFT၏ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပါဝင်နိုင်ရန် ဆောင်ရွက်ခြင်း
- ဝန်ဆောင်မှုနည်းပါးစွာရရှိသည့် မြို့ပြနှင့် မြို့ပြအနီးဒေသများတွင် အစီအစဉ်များ တိုးမြှင့် ရေးဆွဲဆောင်ရွက်ခြင်း
- သတ်မှတ်ထားသည့် မူဝါဒများနှင့် မူဝါဒ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများအတွက် အစိုးရအဆင့်အမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။




LIFT၏ အစီအစဉ်များကို အထက်ပါ မဟာဗျူဟာ အရွေ့များ တုန့်ပြန်ဆောင်ရွက်ပေးနိုင်မည့် အောက်ပါ အဓိက နယ်ပယ် (၄)ခုဖြင့် ဖွဲ့စည်းဆောင်ရွက်နေပါသည် -

- ▷ အာဟာရပြည့်ဝရေး
- ▷ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု
- ▷ စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာဆိုင်ရာ စနစ်များ
- ▷ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းမှု

နယ်ပယ်တစ်ခုချင်းစီသည် မူဝါဒအဆင့်၊ စနစ်အဆင့်နှင့် အိမ်ထောင်စု/ တစ်ဦးချင်း အဆင့်များတွင် ဖြစ်ပေါ်သည့် ပြောင်းလဲမှုများ၌ ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ထားသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နိုင်မှုပေါ်တွင် မူတည်နေပါသည်။ LIFTသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ပိုမိုခိုင်မာ အားကောင်းစေမည့် သင့်တော်သော အခွင့်အလမ်းများ ရရှိသည့်အခါတိုင်းတွင် အဆိုပါ အကျိုးသက်ဆိုင်သူများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရည်မှန်းချက်ပန်းတိုင်ရရှိရေးကို ပါဝင်ကူညီဆောင်ရွက်သွားပါမည်။

# အာဟာရပြည့်ဝရေး





မြန်မာနိုင်ငံရှိ အသက် (၅)နှစ်အောက် ကလေးငယ် (၃) ဦးတွင် (၁)ဦးသည် ပုညှက်နေခြင်း သို့မဟုတ် အလွန်အမင်း အာဟာရ ချို့တဲ့ခြင်းတို့ကို တွေ့ရှိရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက် မိခင်များ ဖူလုံစွာ မစားရခြင်း၊ အနည်းလိုအာဟာရဓါတ်များ ချို့တဲ့ခြင်း၊ (ကိုယ်ဝန်ရှိသည့် အချိန်မှ အသက် (၂)နှစ်အတွင်း) ဘဝအစ ရက်ပေါင်း (၁၀၀၀) အတွင်း အဖျား/ရောဂါ မကြာခဏဖြစ်ခြင်းတို့ကြောင့် ဖြစ်သည်။ လူ့ဘဝ၏ ပထမဆုံးသော ရက် (၁၀၀၀) သည် ဘဝတစ်လျှောက်လုံးအတွက် ကြီးထွားမှု၊ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး အတွက် လိုအပ်သော အာဟာရကောင်းများကို ရရှိရမည့် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပြီး၊ ကိုယ်ဝန်ဆောင်ချိန်မတိုင်မီ ဆယ်ကျော်သက် မိန်းကလေးများနှင့် အမျိုးသမီးများအတွက်လည်း ကောင်းမွန်သော အာဟာရပြည့်ဝခြင်းဖြင့်သာ စတင်ရပါသည်။

ကလေးငယ်များ ပုညှက်နေသည့်နှုန်းမှာ ဝေးလံခေါင်းပါးသော နယ်မြေများနှင့် ပဋိပက္ခကြောင့် ထိခိုက်ခံ နေရသည့် နယ်မြေများတွင် အမြင့်ဆုံးဖြစ်ပြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်များတွင် အများဆုံး တွေ့ရှိရသည်။

## အာဟာရပြည့်ဝရေး

LIFTသည် ၂၀၁၄ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ အာဟာရ ပြည့်ဝရေး ကဏ္ဍတွင် ဦးဆောင်သူ၊ ပေါင်းစပ် ညှိနှိုင်းပေးသူ၊ အထောက်အကူပြုသူအဖြစ် စတင် တည်ထောင် ဆောင်ရွက်ခဲ့သည်။ အာဟာရ ပြည့်ဝရေး ကဏ္ဍတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်သူအဖြစ် ဆောင်ရွက်ရန် ကတိကဝတ်ပြုမှု၊ ယင်းကတိကဝတ် နှင့်အညီ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန က ဦးဆောင်သော အာဟာရဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့ တည်ထောင်ခြင်း အပါအဝင် အခြား လှုပ်ရှားမှုများကို ဆောင်ရွက်ရာတွင် LIFTက ပူးပေါင်း ပါဝင်ခဲ့သည်။

LIFTသည် မြန်မာနိုင်ငံ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN)၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၊ အားဖြည့်ဆန်မူဝါဒ၊ လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒ စသည်တို့ အပါအဝင် အာဟာရဆိုင်ရာ အဓိကမူဝါဒများ ရေးဆွဲ ချမှတ်ရာတွင် တက်ကြွစွာ ပါဝင်ခဲ့ပြီး၊ အာဟာရ ဆိုင်ရာ အမူအကျင့် ပြောင်းလဲရေးအတွက် သတင်းစကားများပေးခြင်း မဟာဗျူဟာရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

Lancet ဂျာနယ်၏ ၂၀၁၃ ခုနှစ် ခန့်မှန်းချက်အရ အာဟာရဆိုင်ရာ အထူးပြုလုပ်ငန်းများသည် အာဟာရဆိုင်ရာ ပြဿနာ ၏ ၂၀% ခန့်ကိုသာ ဖြေရှင်းပေးနိုင်သေးကြောင်း ခန့်မှန်းထားသည်။ ကျန်ရှိနေသည့် ၈၀% သော ပြဿနာများကို အာဟာရ ဆိုင်ရာ သတိပြုနားလည်စေရေး လုပ်ငန်းများဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနများ အချင်းချင်းအကြားတွင်လည်းကောင်း၊ ကဏ္ဍများအကြားတွင်လည်းကောင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုနှင့်အတူ အဆင့်မြင့်အုပ်ချုပ်ရေးပိုင်း ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများကိုယ်တိုင် အာဟာရဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် ယင်းတို့၏ အကျိုးရလဒ်များကို မိမိတို့ ပိုင်ဆိုင်သည် ဟူသည့် ခံယူချက်အပြည့်အဝဖြင့် ဆောင်ရွက်နိုင်သည့် အချိန်တွင် အာဟာရဆိုင်ရာ သတိပြု နားလည်စေရေး လုပ်ငန်းများမှ အကျိုးကျေးဇူးများ တိုးတက်ရရှိလာပါလိမ့်မည်။ LIFT၏ လုပ်ငန်းများသည် အာဟာရ ဆိုင်ရာ အထူးပြုလုပ်ငန်းနှင့် အာဟာရဆိုင်ရာ သတိပြု နားလည်စေရေး လုပ်ငန်း နှစ်မျိုးလုံးကို ဦးတည်ထားသည်။ ယင်းလုပ်ငန်းနှစ်မျိုးလုံးသည် ကလေးငယ်များ၊ ဆယ်ကျော်သက်အရွယ်များနှင့် အမျိုးသမီး များ၏ အာဟာရဆိုင်ရာ မျှော်မှန်းရလဒ်များ အပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများ ရှိခဲ့ကြောင်း သက်သေပြနိုင်ခဲ့သည်။

### အာဟာရဖောင်းပေး စိုက်ပျိုးရေးကဏ္ဍ

LIFTနှင့် ပူးပေါင်းအကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့များသည် တောင်တန်းဒေသများနှင့် အပူပိုင်းဇုန်ဒေသများ၌ ဆောင်ရွက်သည့် အစီအစဉ်များတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှု တိုးတက်စေရေးအတွက် တောင်သူအုပ်စုများနှင့် ပူးတွဲလုပ်ကိုင်ခဲ့ပြီး တချိန်တည်းမှာပင် လူမှုဆိုင်ရာအမူအကျင့် ပြောင်းလဲရေး နည်းလမ်းများကို သုံး၍ အာဟာရဆိုင်ရာနှင့် စားသောက်မှုဆိုင်ရာ အလေ့အထများ အကြောင်း သတင်းအချက်အလက် များကိုလည်း ထောက်ပံ့ ပေးခဲ့သည်။

ချင်းပြည်နယ်တွင် (Myanmar Institute for Integrated Development, MIID) သည် ပြည်နယ်စိုက်ပျိုးရေး ဦးစီး ဌာနနှင့် ပူးပေါင်း၍ စိုက်ပျိုးရေး ပညာပေးအရာရှိများ အတွက် သင်ရိုးညွှန်းတမ်းတွင် အာဟာရဆိုင်ရာ ပညာပေး ဘာသာရပ်ထည့်သွင်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ဖြည့်စွက်စာ ကျွေးရတော့မည့် ကလေးငယ်များအား အထူးဦးတည်လျက် အိမ်ထောင်စုများတွင် ငါးသေးစားသုံးမှု တိုးတက်စေရေးအတွက် လုပ်ကွက်ငယ် ငါးမွေးကန်များတွင် စီးပွားဖြစ် ငါးမျိုးစိတ်များ နှင့်အတူ အနည်းလိုအာဟာရဓါတ်ကြွယ်ဝသည့် ငါးသေးမျိုးစိတ် များ ထည့်သွင်းမွေးမြူရန် WorldFish အဖွဲ့က မြစ်ဝကျွန်းပေါ် ဒေသရှိ နွမ်းပါးသော ကျေးလက်နေ အိမ်ထောင်စုများအား သင်ကြားပေးခဲ့ပါသည်။



### သင်သိပါသလား?

လူ့ဘဝ၏ ပထမဆုံးရက်ပေါင်း (၁၀၀၀) အတွင်း မှန်ကန်သော အာဟာရဓါတ်များရရှိသည့် ကလေးငယ်များသည် ကျောင်း တွင် အတန်းကြီးအထိ ပြီးဆုံးအောင် တက်ရောက်နိုင် ကြသည်၊ အရွယ်ရောက်သူများထက် ၂၁% ပိုမိုလေ့လာနိုင်သည်၊ ကလေးများတွင် ဖြစ်ပွားတတ်သည့် ရောဂါများကြောင့် သေဆုံးနှုန်း (၁၀) ဆကျော် လျော့နည်းသည်။ အာဟာရချို့တဲ့ခြင်း သည် ကလေးသေဆုံးမှု၏ ၄၅% နှင့် ဆက်စပ်နေပါသည်။

မြန်မာနိုင်ငံတွင် ကြီးထွားနှုန်းနည်းပြီး ပုညှက်နေခြင်းကြောင့် အခွင့်အလမ်းဆုံးရှုံးမှုနှင့် ကျန်းမာရေးစရိတ်ကြီးမြင့်မှုအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ (၂) ဘီလီယံမှ (၆) ဘီလီယံအထိ ကုန်ကျနေသည်။

လူ့ဘဝ၏ ပထမဆုံးရက်ပေါင်း (၁၀၀၀) အတွင်း အာဟာရဖြည့်တင်းပေးခြင်းအတွက် (၁)ဒေါ်လာသုံးစွဲလိုက်တိုင်း အနာဂတ် ကာလတွင် ကြီးထွားနှုန်းနှေးခြင်းနှင့် ဆိုင်သည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန် မလိုအပ်တော့သောကြောင့် (၁၆၆) ဒေါ်လာ အထိ သက်သာနိုင်သည်။



ဓါတ်ပုံ - Save The Children

## မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ် (MCCT)နှင့် အာဟာရပြည့်ဝစေခြင်း

SAVE THE CHILDREN

LIFTသည် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်ဒေသနှင့် ရခိုင်ဒေသတို့တွင် အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ (social and behaviour change communication, SBCC) နှင့် ချိတ်ဆက်လျှက် မိခင်နှင့် ကလေးများအား ငွေကြေးပံ့ပိုးမှု အစီအစဉ် (MCCT) ကို ဆောင်ရွက်ခဲ့ရာ မိခင်ပေါင်း (၄၃,၀၀၀) ကျော်အထိ ဖြန့်ကျက်ထောက်ပံ့ပေးနိုင်ခဲ့သည်။ LIFTသည် ချင်းပြည်နယ်တွင် အစိုးရမှ ဦးဆောင်သော MCCT အစီအစဉ်အား ပံ့ပိုးပေးခဲ့ပြီး၊  လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဦးစီးဌာနခွဲ ၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာန စသည်တို့ အပါအဝင် အစိုးရဌာနများစွာတို့နှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ ငွေကြေးပံ့ပိုးမှု အစီအစဉ်တစ်ခုတည်းဖြင့် အာဟာရဆိုင်ရာ ကောင်းကျိုးရလဒ်များကို မဆောင်ကြဉ်းနိုင်ကြောင်း သက်သေ သာဓကများ ထင်ရှားသည့်အတွက် LIFTသည် ရခိုင်ပြည်နယ်တွင် MCCT အစီအစဉ်ကို ရွေ့ပြေးစတင်ဆောင်ရွက်ချိန် မှစ၍ ငွေကြေးပံ့ပိုးမှုလုပ်ငန်းများကို အာဟာရနှင့် လူမှုဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးအတွက် ဆက်သွယ်ပြန်ကြားရေး အစီအစဉ်နှင့်အတူ ပူးတွဲအကောင်အထည်ဖော်ခဲ့သည်။ LIFTသည် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ်ကို ရည်မှန်းထားသည့်အတိုင်း ၂၀၁၇ ခုနှစ်တွင် ရန်ပုံငွေ စတင်ထောက်ပံ့ခဲ့ပြီးနောက်၊ ၂၀၁၉ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးရှိ ငွေကြေးပံ့ပိုးမှု အစီအစဉ်များကို နိုင်ငံတော် ဘတ်ဂျတ်မှ ရန်ပုံငွေ ထောက်ပံ့မည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ၂၀၁၈ခုနှစ်တွင် ကြေညာခဲ့သည်။ LIFTသည် ကယားပြည်နယ်နှင့် ကရင် ပြည်နယ်များတွင် မိခင်နှင့် ကလေးငွေကြေးပံ့ပိုးမှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် လူမှုဝန်ထမ်း ဦးစီးဌာနအား ကူညီပေးခဲ့သည်။

## အားဖြည့်ဆန်

PATH

LIFTသည် အဏုအာဟာရဓါတ်များဖြင့် အားဖြည့်ထားသည့် ဆန်များကို မိတ်ဆက် အသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ PATH အဖွဲ့သည် အားဖြည့်ဆန်များကို စားသုံးသူများက ပိုမိုဝယ်ယူစားသုံးလာစေရေးနှင့် အစိုးရနှင့် NGOs များက အားဖြည့်ဆန်များကို ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသနဦးစီး ဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ Population Services International နှင့် အခြားသော အဓိက ဆက်နွယ်သူများနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ PATH အဖွဲ့သည် ပုဂ္ဂလိက စက်ရုံမှ အားဖြည့်ဆန်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်နှင့် ထုတ်လုပ်လိုက်သော အားဖြည့်ဆန်များအတွက် မြန်မာနိုင်ငံ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ခွင့်ပြုချက် ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်



ဓါတ်ပုံ -  PATH/Minzayar

PATH အဖွဲ့သည် ဒုတိယမြောက် အားဖြည့်ဆန်ထုတ်လုပ်သူ တစ်ဦး ဖြစ်သည့် MAPCO Golden Lace (MAPCO-GL) အား အားဖြည့်ဆန်ထုတ်လုပ်စက် တပ်ဆင်ရာတွင် ကူညီပေးခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အားဖြည့်ဆန် စုစုပေါင်း ၁,၆၃၉ မက်ထရစ်တန်ကို ထုတ်လုပ်နိုင်ခဲ့ပြီး၊ ယင်းတို့အနက်  ၁,၅၂၆တန်ကို ရန်ကုန်၊ ဧရာဝတီ၊ နေပြည်တော်၊ ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ လက်လီဆိုင်ပေါင်း (၈၅၀)ကျော်မှတဆင့် ဖြန့်ဖြူး ရောင်းချပေးနိုင်ခဲ့သည်။ PATH အဖွဲ့သည် အားဖြည့်ဆန်ကို အလိုအပ်ဆုံးသူများ ဖြစ်သည့် ထိခိုက်လွယ်သော ဆင်းရဲနွမ်းပါးသူများက စားသုံးမှု ပိုမိုတိုးတက်လာစေရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်ခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံများနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ အာဟာရတိုက်ကျွေးရေးအစီအစဉ်များမှတဆင့် ဖြန့်ဖြူးပေးခဲ့ခြင်းကြောင့် လူမှုဝန်ထမ်းကဏ္ဍမှ အားဖြည့်ဆန် ဝယ်ယူမှုမှာ (၄၁၃) မက်ထရစ်တန် အထိ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် လူမှုဝန်ထမ်း ဦးစီးဌာနသည် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ နေပြည်တော်၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများရှိ ကျောင်းများအတွက် အာဟာရတိုက်ကျွေးရေး အစီအစဉ်များတွင် အားဖြည့်ဆန်များထည့်သွင်းရန် တိုးချဲ့ဆောင်ရွက်ခဲ့ပြီး၊ အကျိုးကျေးဇူးရရှိသူ ၁၂,၅၀၀ ဦးအထိ ရှိခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူ့ဆေးရုံ (၁,၃၀၀) ရှိ အစားအစာပေးဝေရေး အစီအစဉ်များတွင်လည်းကောင်း၊ တစ်နိုင်ငံလုံးရှိ သားဖွားနှင့် သူနာပြုသင်တန်းကျောင်း (၅၅) ကျောင်းနှင့် အားကစားနှင့်ကာယသိပ္ပံ (၆) ခု တို့တွင်လည်းကောင်း အားဖြည့်ဆန်များ မိတ်ဆက်စားသုံးစေရန် ကတိကဝတ်ပြုထားပါသည်။ PATH အဖွဲ့သည်  Population Services International (PSI) နှင့်ပူးပေါင်း၍ မီဒီယာကြီးများမှတဆင့်လည်းကောင်း၊ တဦးချင်းစီသို့ ဈေးကွက်မြှင့်တင်ခြင်းဖြင့်လည်းကောင်း အားဖြည့်ဆန်ဝယ်လိုအားဖြစ်ပေါ်စေရေး ဘက်စုံလှုပ်ရှားမှုတစ်ခုကို အကောင်အထည်ဖော်ဆောင်ခဲ့သည်။ PSI နှင့် PATH တို့သည် မြို့ပြအနီး ဇရိယာများရှိ အထည်ချုပ်စက်ရုံလုပ်သားများအား (အများစုမှာ အမျိုးသမီးငယ်များ ဖြစ်ကြသည်) အားဖြည့်ဆန်များ မိတ်ဆက်ဖြန့်ဖြူးပေးရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ Business Kind Myanmar တို့နှင့် ပူးတွဲလုပ်ဆောင်ခဲ့သည်။

PATH အဖွဲ့သည် ရခိုင်ပြည်နယ်ရှိ ဆန်စက် (၂)စက် တွင် အားဖြည့်ဆန် ရောနှောစက်များတပ်ဆင်ရန် ကူညီပေးခဲ့သည်။ World Food Programme (WFP) သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် စစ်တွေမြို့၌ အားဖြည့်ဆန်များ စတင်ဖြန့်ဝေပေးခဲ့ပြီး ၂၀၁၈ ခုနှစ်အကုန်တွင် ယာယီစခန်း (၆) ခု တွင် ခိုလှုံနေကြသည့် နိုင်ငံတွင်းရွှေ့ပြောင်း နေထိုင်ရသူ (၁၀,၁၈၈) ဦးသို့ အားဖြည့်ဆန် (၃၀၄)တန်ကို ဖြန့်ဝေပေးနိုင်ခဲ့သည်။

**LIFT၏ အာဟာရဆိုင်ရာအစီအစဉ်သည် မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (Multi-sectoral National Plan of Action on Nutrition (MS-NPAN) အကောင်အထည်ဖော်ခြင်းကို ကူညီပေးနေပါသည်။**

MS-NPAN ၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံရှိ အာဟာရချို့တဲ့မှုပုံစံအားလုံးကို လျှော့ချရန်ဖြစ်ပြီး၊ ယင်းသို့လျှော့ချခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ ရည်မှန်းချက်များ ရရှိရေးတွင် ပါဝင်ကူညီပေးနိုင်မည့် ပိုမိုကျန်းမာသန်စွမ်းသော၊ ထုတ်လုပ်မှုပိုမိုမြင့်မားသော ဘဝများဖြစ်လာစေပါလိမ့်မည်။ MS-NPAN လုပ်ငန်းစီမံချက်သည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ ကလေးငယ်များနှင့် ဆယ်ကျော်သက်အရွယ်များ၏ ရေရှည် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဆောင်ရွက်နေသူများနှင့် ဆက်နွယ်သူများ အကြား ပူးပေါင်းဆောင်ရွက်ရန် မရှိမဖြစ်လိုအပ်သည်ဟူသော ယူဆချက်ကို အခြေခံထားပါသည်။

LIFTသည် (၁) စွမ်းဆောင်ရည်ဆန်းစစ်ခြင်းနှင့် ဖွံ့ဖြိုးရေး စီမံချက်များရေးဆွဲခြင်း (၂) ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးသတ်မှတ်ခြင်း (၃) စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဟူသော နယ်ပယ် (၃)ခုကို ဦးတည်ဆောင်ရွက်ခဲ့သည့် MS-NPAN လုပ်ငန်းစီမံချက်၏ ကနဦးကာလ (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလ အထိ)တွင် ကူညီပံ့ပိုးပေးရန် ကတိကဝတ်ပြုပါဝင်ခဲ့သည်။

LIFTနှင့် Access to Health ရန်ပုံငွေတို့သည် အစိုးရကဏ္ဍနှင့် ပူးတွဲလျက် MS-NPAN လုပ်ငန်းစီမံချက်ကို ကူညီပံ့ပိုးရန် ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး၊ ၎င်းစီမံချက်ကို အမျိုးသားအာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဦးစီးဌာနမှ စတင်ဆောင်ရွက်သည့် ပထမနှစ်တွင် ကုန်ကျစရိတ် အားလုံး၏ ၆၀% ကျော်ကို ပံ့ပိုး ပေးနိုင်ခဲ့သည်။ LIFTအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က MS-NPANလုပ်ငန်းစီမံချက်တွင် ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအတွက် အထူးပြု၍ ကူညီပံ့ပိုးပေးနိုင်မည့် အခွင့်အလမ်းများကို ထပ်မံရှာဖွေဆောင်ရွက်သွားပါမည်။

LIFTသည် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ဒေသများနှင့် မြို့ပြအနေအထားတို့ကို ဦးစားပေးအဖြစ် ကူးပြောင်း ဆောင်ရွက်လာသည်နှင့် အမျှ၊ ထိခိုက်ခံရသော ပြည်သူများ၊ နိုင်ငံတွင်းရွှေ့ပြောင်းရသူများ၊ ရွှေ့ပြောင်းနေထိုင်ကြသော အိမ်ထောင်စုများ၏ အာဟာရဆိုင်ရာလိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းသွားမည် ဖြစ်ပါသည်။ LIFTသည် ဘေးကင်း၍ အာဟာရပြည့်ဝသင့်တော်သော အစားအသောက်များကို လက်လှမ်းမီရေး၊ ဝယ်ယူစားသောက်နိုင်ရေးနှင့် အသုံးပြုနိုင်ရေးတို့တွင် အတားအဆီးများကို ဖြေရှင်းပေးရန် ဆက်လက်ဦးတည်ထားသကဲ့သို့ တချိန်တည်းမှာပင် အလွန်ဆိုးရွားသော အာဟာရချို့တဲ့မှုနှင့် ဆက်စပ်နေသည့်အချက်များကို ပေါင်းစည်းဖြေရှင်းပေးရန် ဆောင်ရွက်ပါမည်။








မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဖွန်လစာရင်းအရ ထုတ်ချေးမပေးနိုင်သည့် ချေးငွေလိုအပ်မှုပမာဏမှာ **အမေရိကန်ဒေါ်လာ ၂.၅ ဘီလီယံ** ခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ၂၀၁၂ ခုနှစ်မှစ၍ ငွေရေးကြေးရေးကဏ္ဍ သိသာထင်ရှားစွာ ကျယ်ပြန့်လာခဲ့သော်လည်း ပြည်သူများအနက် အများစုမှာ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ မရရှိခြင်း သို့မဟုတ် နည်းပါးစွာရရှိခြင်းတို့ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

LIFT၏ ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေခြင်း အစီအစဉ်သည် မြန်မာနိုင်ငံ၏ ကွာဟချက် ကွက်လပ်ကို ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် လွန်ခဲ့သော (၄)နှစ်အတွင်းတွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၈၁.၁ သန်းမှ **၃၆၃.၂ သန်း အထိ** တိုးမြှင့်ခဲ့သည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း

လူမှုဆိုင်ရာတာဝန်ယူမှုရှိပြီး အားလုံးပါဝင်စေသော ငွေရေးကြေးရေးဝန်ဆောင်မှုများသည် ပြည်သူ တစ်ဦးချင်းနှင့် စီးပွားရေး ကဏ္ဍတစ်ခုလုံးအတွက် အကျိုးကျေးဇူးအများအပြားကို ထောက်ပံ့ပေးသည်။ ငွေစုခြင်းသည် အိမ်ထောင်စုများအား ကူညီရာတွင် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသကဲ့သို့ပင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအားလုံးတွင် အလုပ်အကိုင်နှင့် ဝင်ငွေရလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ချေးငွေလက်လှမ်းမီခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ LIFT၏ ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေခြင်း အစီအစဉ်သည် မတူကွဲပြားသော ဈေးကွက်အပိုင်းများကို ဝန်ဆောင်မှု ပေးနိုင်သည့် ဝယ်လိုအားဖြင့် မောင်းနှင်သော ငွေရေးကြေးရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိတ်ဆက်ကျင့်သုံးစေရေး အတွက် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ (Microfinance institutions, MFIs) ကို ဆက်လက် ထောက်ပံ့ပေးနေပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် LIFTက ပံ့ပိုးထားသော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အပ်ငွေ ဝန်ဆောင်မှုများ၊ ချေးငွေပုံစံအမျိုးမျိုး၊ ငှားရမ်းခြင်း၊ ကာလတိုချေးငွေများ၊ တစုတစည်းတည်း ထုတ်ချေးငွေများ၊ ရာသီပေါ်သီးနှံ (ပဲမျိုးစုံ၊ ဆီထွက် သီးနှံ၊ ပြောင်း)၊ မွေးမြူရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများ၊ ဝင်ငွေနည်းအမျိုးသမီးများ၊ ရွှေ့ပြောင်းလုပ်သားများ၊ မသန်စွမ်းသူများနှင့် နိုင်ငံတွင်းရွှေ့ပြောင်းခံသူများ အတွက် သီးသန့် ချေးငွေများစသည့် ဝန်ဆောင်မှု များကို ပေးအပ်နေကြပြီဖြစ်သည်။ LIFT၏ ငွေကြေး ဆိုင်ရာ အားလုံးပါဝင်စေခြင်းအစီအစဉ်တွင် ပြည်တွင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၂)ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း (၁၃)ဖွဲ့၊ ဖက်စပ်ကုမ္ပဏီ (၁)

ခု၊ သမဝါယမ (၂)ဖွဲ့နှင့် ပြည်တွင်း ဘဏ် (၁) ခု တို့ ပါဝင်သည့် မိတ်ဖက် အဖွဲ့အစည်း (၂၆) ခု ရှိပြီး မြို့နယ်ပေါင်း (၂၂၃) မြို့နယ်မှ ချေးငွေ ရယူသူ ၂,၆၃၂,၂၈၃ ဦး ထံ ဝန်ဆောင်မှုများ ဖြန့်ကျက်ရောက်ရှိခဲ့သည်။

## အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း (MFIs)၏ ငွေစုငွေချေးသူအဖွဲ့ဝင်များအား ကာကွယ်ပေးခြင်းနှင့် လူမှုဆိုင်ရာ စွမ်းဆောင်ရည်

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အနေဖြင့် မိမိတို့၏ ငွေစုငွေချေးသူများအား ဆုံးရှုံးနစ်နာမှုများ မဖြစ်စေရေးအတွက် ကာကွယ်ပေးရန် လိုအပ်ပါသည်။ MFIs များသည် ၄င်းတို့၏ ဝန်ဆောင်မှုများ၊ မူဝါဒများနှင့် လုပ်နည်းလုပ်ဟန်များကြောင့် ငွေစုငွေချေးသူများ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိခိုက်စေသော သို့မဟုတ် မမျှတသော ဆက်ဆံရေးမျိုးကို ရှောင်ရှားရန်နှင့် အဖွဲ့အစည်း၏ အကျိုးစီးပွားနှင့် ငွေစုငွေချေးသူများ၏ အကျိုးစီးပွားတို့ကို သင့်တင့်လျောက်ပတ်စွာ ဟန်ချက်ညီပေးရန်အတွက် ကြောင်းကျိုး ဆီလျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရသည်။

MFIs တစ်ခု၏ သီးသန့်ရည်မှန်းချက်၊ အကျိုးအမြတ် ပန်းတိုင် သို့မဟုတ် ပိုင်ရှင်ဖြစ်မှုတို့သည် မည်သို့ ရှိစေကာမူ၊ စီးပွားရေး လုပ်ငန်းတစ်ခုကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန်အတွက် 'မထိခိုက်စေရေး (do no harm)' ဟူသော အနိမ့်ဆုံး စံနှုန်း တရပ် ရှိထားရန် မရှိမဖြစ် အရေးကြီးပါသည်။ MFIs တစ်ခုသည် ငွေစုငွေချေးသူများ၏ အကျိုးအမြတ် အဖြစ်သို့ လည်းကောင်း၊ ဝန်ထမ်း၊ လူမှု အသိုက်အဝန်း နှင့် ပတ်ဝန်းကျင်တို့အတွက် သင့်လျော်သော အပြုအမူ အဖြစ်သို့လည်းကောင်း ထိရောက်စွာ ဖွင့်ဆို ဆောင်ရွက်နိုင်ပေးနိုင်သည့်

## ၂၀၁၈ခုနှစ် အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆိုင်ရာ အဓိက ရလဒ်များ

မြို့နယ် ၂၂၃ မြို့နယ်မှ
**ငွေစုငွေချေးသူ**
**၂.၆၃ သန်း**
(၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၆၁% တိုးတက်လာသည်)

စုစုပေါင်း ပိုင်ဆိုင်မှုပမာဏ
**အမေရိကန်ဒေါ်လာသန်း**
**၆၀၀** (၂၀၁၆ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၄၉% တိုးတက်လာသည်)

ချေးငွေထုတ်ပေးနိုင်မှု
**အမေရိကန်ဒေါ်လာ**
**၈၀၃ သန်း** (၂၀၁၈ ခုနှစ်အတွင်း)

စုဆောင်းငွေ လက်ခံနိုင်မှု
**အမေရိကန်ဒေါ်လာ**
**၉၆ သန်း**

လူမှုဆိုင်ရာ အထူးရည်မှန်းချက်တရပ်ကို ချမှတ်ထားပြီး၊ ယင်းရည်မှန်းချက်အကောင် အထည်ဖော်မှုကို တိုင်းတာစီမံခန့်ခွဲနိုင်ရေး အတွက် "မထိခိုက်စေရေး" ဟူသော အလုပ်အပ်သူအကာအကွယ်ပေးရေး စံနှုန်းထက်ကျော်လွန်ဆောင်ရွက်နိုင်ပါက၊ လူမှုဆိုင်ရာစွမ်းဆောင်ရည်ကို ရရှိပါမည်။ MFIs များ၏ လူမှုဆိုင်ရာ ရည်မှန်းချက် များမှာ အမျိုးမျိုးဖြစ်နိုင်ပြီး၊ ချမှတ်မှုအများဆုံးသော လူမှုဆိုင်ရာရည်မှန်းချက်များမှာ ဝန်ဆောင်မှုနည်းပါးစွာ ရရှိသည့် ပြည်သူများနှင့် ထိခိုက်လွယ် ပြည်သူများသို့ ဖြန့်ကျက်ရောက်ရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ အမျိုးသမီးများ လုပ်ပိုင်ခွင့် ပိုမိုရရှိစေရန် စသည်တို့ဖြစ်ကြသည်။

LIFT၏ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အရင်းအနှီးဈေးကွက်အစီအစဉ် (Capital Market Programme) ရင်းနှီးမြှုပ်နှံသူများနှင့် ယင်းအစီအစဉ်ကို မိတ်ဖက်ဆောင်ရွက်နေသည့် TCX နှင့် အစိုးရ စသည့် အဖွဲ့အစည်းအားလုံးတို့က ထိခိုက်လွယ်ပြည်သူများ၏ ဘဝများကို တိုးတက်စေရန် ဝန်ဆောင်မှုပေးနိုင်သည့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေခြင်းအစီအစဉ်ကို ထောက်ခံကြသည်။ လတ်တလောနှစ်များအတွင်း တာဝန်ယူမှုရှိသော ငွေကြေး ကဏ္ဍသို့ ရောက်ရှိရန် လှုပ်ရှားမှုကြောင့် ငွေကြေးဝန်ဆောင်မှုပေးသူများသည် ငွေကြေးဝန်ဆောင်မှုများကို ပွင့်လင်းမြင်သာသော၊ မျှတသော၊ ဘေးကင်းလုံခြုံသော နည်းလမ်းဖြင့် လည်းကောင်း၊ နွမ်းပါးသော ငွေစုငွေချေးသူများအတွက် အကျိုးအမြတ်များ ပေးစွမ်းနိုင်ရန်လည်းကောင်း တာဝန် ရှိသည်ဟူသော ယုံကြည်မှုတရပ်ဖြစ်ထွန်းလာခဲ့သည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုမှ လွန်မြောက်ကာ ကျေးလက်စီးပွားရေးဖြစ်ထွန်းမှုကို ဖော်ဆောင်နိုင်မည်ဟူသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်ပါသည်။



## စိုက်ပျိုးစီးပွားငွေကြေးပံ့ပိုးမှုအစီအစဉ်

ရိုးမဘဏ်

LIFTသည် ရိုးမဘဏ်နှင့် ပူးပေါင်း၍ ကျေးလက်ဒေသ စွန့်ဦးထွင်ဆောင်ရွက်သူများအား လယ်ယာသုံး စက်ယန္တရားများ ဝယ်ယူငှားရမ်းရေး ချေးငွေများ ထောက်ပံ့ပေးနိုင်ရန်အတွက် စိုက်ပျိုးရေး လုပ်ငန်းများ အတွက်ချေးငွေ ထောက်ပံ့မှု အစီအစဉ် (Agribusiness Finance Programme – AFP) ကို ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ကျေးလက်ဒေသ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုပေးအပ်နိုင်ရန် အတွက် AFP အစီအစဉ်ကို ထပ်မံ တိုးချဲ့ခဲ့သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် LIFTမှ AFP အစီအစဉ် အတွက် ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ သန်း ကို ရိုးမဘဏ်မှ ပုဂ္ဂလိကကဏ္ဍအရင်းအနှီးအဖြစ် အမေရိကန်ဒေါ်လာ ၂၀၁ သန်း (မြန်မာကျပ်ငွေ ၂၆၈ ဘီလီယံ) ဖြင့် အရှိန်မြှင့်တင်၍ ထည့်ဝင် ဆောင်ရွက်ခဲ့သည်။ AFP အစီအစဉ်သည် တီထွင်ဆန်းသစ်သော နည်းလမ်းများကို အသုံးပြုလျှက် ကျေးလက်နေ အိမ်ထောင်စု ၄၅၀,၀၀၀ ခန့်အထိ ဖြန့်ကျက်ကူညီပေး နိုင်ခဲ့သည်ဟု ခန့်မှန်းထားသည်။

AFP အစီအစဉ် စတင်သည့် ၂၀၁၆ ခုနှစ်မှစ၍ အသေးစားနှင့်အလတ်စား စိုက်ပျိုးရေးလုပ်ငန်းရှင် များနှင့် စွန့်ဦးထွင်စီးပွားရေး လုပ်ငန်းရှင် ၆,၅၃၀ ဦး တို့အား အမေရိကန်ဒေါ်လာ ၁၃၈ သန်းတန်ဖိုးရှိသည့် စိုက်ပျိုးရေးသုံး စက်ပစ္စည်း ကိရိယာသစ်များအတွက် ချေးငွေထောက်ပံ့ ပေးခဲ့သည်။ အဆိုပါ ချေးငွေများကို ပြည်နယ်/တိုင်းဒေသကြီး ၁၂ ခုရှိ ရိုးမဘဏ်ခွဲ ၄၇ခု မှတဆင့် ရယူခဲ့ကြခြင်းဖြစ်သည်။ AFP အစီအစဉ်အရ ကျေးလက်နေ အိမ်ထောင်စု ၂၀၀,၀၀၀ ခန့်အား လယ်ယာသုံး စက်ယန္တရားဝယ်ယူ ငှားရမ်းရေး ချေးငွေများ တိုက်ရိုက်ထောက်ပံ့ပေးနိုင်ခဲ့ပြီး၊ ရလဒ်အဖြစ် လယ်ယာသုံးစက်ယန္တရား ငှားရမ်းရေး ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ထွန်းလာခဲ့သည်။

### AFP နှင့် လယ်ယာသုံးစက်ယန္တရားနှင့် စက်ပစ္စည်း ငှါး/ဝယ် ချေးငွေ အစီအစဉ်

LIFTက AFP အစီအစဉ်ကို မစတင်မီတွင် ဝယ်ယူသူ များသည် ကနဦးပေးချေငွေအဖြစ် တန်ဖိုး၏ ၃၀% ပေးထားရန် လိုအပ်ပါသည်။ နောက်ပိုင်း AFP အစီအစဉ်ဆောင်ရွက်ချိန်မှစ၍ ကနဦးပေးချေငွေကို ဖြည်းဖြည်းချင်း လျှော့ချပေးခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ၂၁% မှ ၂၀၁၇ ခုနှစ်တွင် ၁၄%နှင့် ၂၀၁၈ ခုနှစ်တွင် ၁၃% အထိ လျှော့ကျလာခဲ့သည်။ ဝယ်ယူသူများသည် AFP အစီအစဉ် မစတင်မီက ချေးငွေကို ၁၂ လဖြင့် ဆပ်ရသော်လည်း၊ နောက်ပိုင်းတွင် ချေးငွေပြန်ဆပ်ရန် အချိန် ၃နှစ် ရရှိခဲ့သည်။ ချေးငွေပြန်ဆပ်ရာတွင် အသေးစားလုပ်ငန်းများ၏ ရာသီအလိုက်ငွေစီးဆင်းမှု ပုံစံနှင့်အညီ တစ်နှစ် လျှင် (၂)ကြိမ် ပြန်ဆပ်နိုင်သည်။ အမေရိကန်ဒေါ်လာ ၁၁၅ သန်း (မြန်မာကျပ်ငွေ ၁၅၃ ဘီလီယံ) ထုတ်ချေးလိုက်ခြင်းကြောင့် ကျေးလက်နေ စွန့်ဦးတီထွင် စီးပွားရေးသမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင် ၆,၅၃၀ ဦး တို့က အမေရိကန် ဒေါ်လာ ၁၃၈ သန်း (မြန်မာကျပ်ငွေ ၁၈၃ ဘီလီယံ) တန်ဖိုးရှိသည့် စိုက်ပျိုးရေးသုံး စက်ယန္တရားနှင့် စက်ပစ္စည်းများ ဝယ်ယူနိုင်ခဲ့သည်။ ကနဦး ပေးချေငွေ ပမာဏ လျှော့ချလိုက်ခြင်းနှင့် ပြန်ဆပ်ကာလ တိုးမြှင့်နိုင်ခြင်းကြောင့်လည်း ကျေးလက်နေစိုက်ပျိုးရေး အခြေခံ လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေး ပိုမိုမြင့်မားပြီး အင်အားပိုမိုကြီးမားသော စက်ယန္တရားနှင့် စက်ပစ္စည်းများကို ဝယ်ယူနိုင်စွမ်း ရှိစေခဲ့သည်။

ချေးငွေထောက်ပံ့ပေးခဲ့သည့် စက်ပစ္စည်းများတွင် အောက်ပါတို့ ပါဝင်ကြသည် -

- လေးဘီးထွန်စက် ၄,၀၀၂ စီး
- ရိတ်သိမ်းခြွေလှေ့စက် (ရိတ်သိမ်းခြင်းနှင့် ခြွေလှေ့ခြင်း နှစ်မျိုးပေါင်း) ၉၅၄ စီး
- နှစ်ဘီး ထွန်စက် ၂၇၂ စီး
- စပါးရိတ်စက် ၁၃ စီး
- လယ်ယာသုံးသယ်ယူပို့ဆောင်ရေးယာဉ် ၁,၂၈၉ စီး

## တောင်သူများသို့ အရည်အသွေးမြင့် မျိုးစေ့များထောက်ပံ့ပေးခြင်း

ဩဘာ

LIFTသည် အပူပိုင်းဇုန်ဒေသရှိ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် သဘာဝအတိုင်း/ဟင်းလင်းပြင် ပွင့်ဝတ်မှုန်ကူးသော အခြားသီးနှံများအပါအဝင် ဦးစားပေးသီးနှံများအတွက် အရည်အသွေးမြင့် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ခြင်း၊ အဆင့်ဆင့်ပြုပြင်မွမ်းမံခြင်းနှင့် ဈေးကွက်တင်ခြင်းတို့ကို ကူညီပေးရန် ရန်ပုံငွေထောက်ပံ့ပေးနေပါသည်။ LIFTသည် ပုဂ္ဂလိကကဏ္ဍ သွင်းအားစု ရောင်းချရာတွင် ဦးဆောင်သူတစ်ဦးဖြစ်သော ဩဘာကုမ္ပဏီက ဦးဆောင်၍ အကောင်အထည် ဖော်နေသော စီမံကိန်းတစ်ခုကို ပံ့ပိုးပေးလျက်ရှိသည်။ ဩဘာသည် နိုင်ငံသားပိုင်ကုမ္ပဏီ တစ်ခုဖြစ်ပြီး ဆန်းသစ်တီထွင်သော လုပ်ငန်းများကြောင့် တောင်သူများအတွက် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းနှင့် ဆက်စပ်၍ အဖွဲ့ဝင်များ၊ ရှယ်ယာရှင်များ၊ ရှယ်ယာပေါ်အမြတ်များနှင့် အကျိုး အမြတ်များကို ရရှိနေပါသည်။ LIFT၏ ပံ့ပိုးမှုသည် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု ကို ကူညီပေးရာတွင် အလွန်အရေးကြီး ပါသည်၊ LIFT၏ ပံ့ပိုးမှုမရရှိပါက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သဘာဝအတိုင်း ဝတ်မှုန်ကူးနည်း ဖြင့် မျိုးသန့်မျိုးစေ့ ထုတ်လုပ်မှုမှ ရရှိသော စုစုပေါင်း အမြတ်သည် စပ်မျိုးဖြင့် မျိုးသန့်မျိုးစေ့ ထုတ်လုပ်မှုမှ ရရှိသော စုစုပေါင်းအမြတ်နှင့် နှိုင်းယှဉ်ပါက သိသာစွာ လျော့နည်းသောကြောင့် ဖြစ်သည်။ ဩဘာ၏ အခန်းကဏ္ဍ မှာ စီမံခန့်ခွဲရေး ကျွမ်းကျင်မှု၊ မတည်ငွေ ရင်းနှီးမြှုပ်နှံမှုနှင့် မျိုးစေ့ဖြန့်ဖြူးပေးသူအဖြစ် တနိုင်ငံလုံးရှိဈေးကွက် ဖြန့်ကျက်မှုတို့ကို ထောက်ပံ့ပေးရန် ဖြစ်သည်။



ဤစီမံကိန်း၏ ကနဦးအဆင့်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့ပြီး၊ ယင်းအဆင့်အတွင်း မျိုးသန့် မျိုးစေ့ထုတ်လုပ်ရေး ကာလပြ ပြက္ခဒိန်တစ်ခု အပါအဝင် စီမံကိန်းအစီအစဉ်အသေးစိတ်ကို ရေးဆွဲဖော်ထုတ်ခဲ့သည်။

စီမံကိန်းပထမနှစ်လုပ်ငန်းများသည် ပဲတီစိမ်း၊ ပဲနောက်နှင့် နှမ်းထုတ်လုပ်မှုတို့ကို ဦးတည်ခဲ့ပြီး နောက်ပိုင်းတွင် မတူညီသော ထုတ်လုပ်မှု ဒေသအမျိုးမျိုးတွင် မြေပဲ၊ ကုလားပဲ၊ ပဲစင်းငုံ စသည့် ရာသီအလိုက်သီးနှံများစွာတို့ကို ဦးတည်ဆောင်ရွက်ခဲ့သည်။ ပဲတီစိမ်းကို ပထမရာသီအဖြစ် မေလတွင် ရိတ်သိမ်းခဲ့ပြီး၊ နိုဝင်ဘာလတွင် ဒုတိယရာသီရိတ်သိမ်းခဲ့ရာ ပျမ်းမျှအားဖြင့် တစ်ဧကလျှင် မျိုးသန့်မျိုးစေ့ ၁၂ တင်းမှ ၁၄ တင်းအထိ ထွက်ရှိခဲ့သည်။ မျိုးသန့်မျိုးစေ့ အဆင့်ဆင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် မျိုးစေ့ အပင်ပေါက်နှုန်းတို့ကို စိုက်ပျိုးရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့ပြီး၊ သီးနှံတစ်မျိုးချင်းအတွက် နည်းပညာဆိုင်ရာ အချက် အလက်များကို မှတ်တမ်းတင်ထားခဲ့သည်။ လက်ရှိ စီမံကိန်းတွင် မှတ်ပုံတင်ထားပြီးသော မျိုးသန့်မျိုးစေ့ ၁.၆ တန် ရှိနေပြီ ဖြစ်သည်။

စီမံကိန်းသည် ဒေသခံများ ကိုယ်တိုင်ပိုင်ဆိုင်သည့် ပထမမျိုးစေ့ကုမ္ပဏီ (Pahtama Seeds Co.) မျိုးသန့်မျိုးစေ့ကုမ္ပဏီတစ်ခုကို ၂၀၁၉ခုနှစ် ဇူလိုင်လတွင် အောင်မြင်စွာ တည်ထောင်နိုင်ရန် စီစဉ်ထားသည်။ ပထမမျိုးစေ့ကုမ္ပဏီသည် ပုလဲ၊ သုံးခွ၊ မုံရွာမြို့နယ်များမှ မျိုးစေ့တောင်သူ ၆၀ ဦးနှင့် ဧက ၆,၁၂၀တွင် ပဲတီစိမ်းမျိုးစေ့များ ထုတ်လုပ်ပေးရန် အကျိုးတူပူးပေါင်းမှု စာချုပ်ချုပ်ခဲ့သည်။



# စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ



စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ ပြည်တွင်း ထုတ်ကုန်တန်ဖိုး (GDP) ၏ ၃၀% ခန့် ရှိနေသည်။ မြန်မာနိုင်ငံ လုပ်သားဈေးကွက်၏ ၅၆% သည် စိုက်ပျိုးရေးကဏ္ဍတွင် တည်ရှိနေသည့်အတွက် စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ **အလုပ်အကိုင် အများဆုံးပေးနေသည့် ကဏ္ဍ** ဖြစ်ပါသည်။

သို့ရာတွင် အဓိကသီးနှံအများစု၏ ထွက်ရှိနှုန်းနှင့် အကျိုးအမြတ်ရှိနိုင်မှုတို့မှာ နည်းပါးနေပြီး၊ ပျမ်းမျှ အားဖြင့် အမှန်ထွက်ရှိ နိုင်သည့် ပမာဏ၏ ထက်ဝက်ခန့်သာ ရှိနေပါသည်။ ထို့အပြင် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများကြောင့် ပိုမိုထိခိုက်ရပြီး အချို့သော သီးနှံများတွင် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုမှာ **၄၀%** ထက်ပင် ကျော်လွန်နေတတ်ပါသည်။

စိုက်ပျိုးရေးနှင့်ဈေးကွက်ဖွံ့ဖြိုးရေးတို့သည် ၂၀၁၂ ခုနှစ်မှစ၍ LIFTလုပ်ငန်းများ၏ အချက်အချာနေရာတွင် ရှိနေပါသည်။ LIFTသည် လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှုနှင့် ဝင်ငွေတို့ ရေရှည် တိုးတက်စေရေး အတွက် စီမံကိန်းနှင့် လုပ်ငန်းများစွာတို့ကို ကူညီပံ့ပိုးပေးခဲ့ပြီး၊ ယင်းတို့မှတဆင့် လေ့လာသင်ယူခဲ့ပါသည်။

## ဆန်စပါးတန်ဖိုးမြင့်ကွင်းဆက်အတွင်း လုပ်ကွက်ငယ်တောင်သူများ၏ အနေအထားကို ခိုင်မာအားကောင်းစေခြင်း

တက်ကြွစွာ ဆောင်ရွက်နေကြသော တောင်သူတောင်သူအဖွဲ့အစည်းများသည် အကျိုးအမြတ် ခွဲဝေရာတွင် တန်းတူညီမျှမှု ပိုမိုရှိစေရန်၊ စီးပွားရေးအရ အောင်မြင်မှုတိုးတက်စေရန်နှင့် စားနပ်ရိက္ခာ စနစ်တစ်ခုလုံးတွင် ဒီမိုကရေစီဖြစ်ထွန်းစေရန် ကူညီပေးကြသည်။ ၎င်းအားဖြင့် တောင်သူများနှင့် ၎င်းတို့၏ ထုတ်ကုန်သီးနှံများကို တန်ဖိုးမြင့်ကွင်းဆက်အတွင်းသို့ ပေါင်းစပ် ထည့်သွင်းရာတွင် ထိရောက်သော ပေါင်းကူးယာဉ်များ ဖြစ်ကြပါသည်။ စီးပွားရေးလုပ်ငန်းစံပြပုံစံတစ်ခု၏ အခြေခံအချက် ရှိသည်။ ယင်းမှာအတူတကွ စုဖွဲ့၍လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စွမ်း ရှိသော တောင်သူ များသည် ဈေးညှိနှိုင်းနိုင်သည့် အင်အားတိုးတက်လာပြီး၊ အဖွဲ့ဝင်များအတွက် ငွေကြေးအကျိုးအမြတ်များ ယူဆောင်ပေးနိုင်သည့် စီးပွားရေးဆိုင်ရာ ထိရောက်အကျိုးရှိမှုများ ရရှိလာသည်ဟူသော အယူအဆ အပေါ်တွင် တည်မှီနေပါသည်။

## စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ

Welthungerhilfe (WHH)/GRET တို့ ပူးပေါင်းဆောင်ရွက်သည့် Delta RISE စီမံကိန်းသည် ထုတ်လုပ်သူအဖွဲ့အစည်းများဖြင့် တည်ဆောက်ထားပြီး၊ ၎င်းအဖွဲ့အစည်းများကို ဖွဲ့စည်းရာတွင် သမဝါယမနှင့် အဖွဲ့အစည်းဆိုင်ရာ စံပြပုံစံများကို အသုံးပြု လျှက် တန်ဖိုးမြှင့်ကွင်းဆက် တလျှောက်လုံးတွင် ဝန်ဆောင်မှုများပေးအပ်နိုင်ရန် ရည်ရွယ်ထားသည်။

ထုတ်လုပ်သူအဖွဲ့အစည်းများသည် တောင်သူများ စိုးရိမ်ကြသည့် ပြဿနာများ (ဥပမာ - ထုတ်လုပ်မှု ပမာဏတိုးတက်စေခြင်း၊ ထုတ်လုပ်ရေးလုပ်ငန်းစဉ်ကို စံနှုန်းညီဖြစ်စေခြင်းနှင့် လွယ်ကူချောမွေ့စေခြင်း၊ နည်းလမ်းသစ်များ နှင့် နည်းပညာများကို မိတ်ဆက် ကျင့်သုံးခြင်းဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များကို လျှော့ချခြင်းစသည်ဖြင့်) ကို ဦးတည်လျှက် အုပ်စုဖွဲ့ ဖြေရှင်းနည်းဖြင့် ပိုမိုဖြေရှင်းပေးသည်။ GRET နှင့် WHH တို့ ပူးပေါင်းလျှက် အဖွဲ့ဝင်ပေါင်း ၁,၁၄၃ ဦးရှိသော ထုတ်လုပ်သူအဖွဲ့အစည်း ၄၂ ခုကို ပံ့ပိုး ကူညီပေးနေပါသည်။

Metta အဖွဲ့၏ အားလုံးပါဝင်၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် တောင်သူများကိုယ်တိုင် စီမံခန့်ခွဲသည့် နည်းလမ်းများတိုးတက်စေခြင်း စီမံကိန်းသည် ကျေးရွာအုပ်စုအဆင့် ဖွံ့ဖြိုးရေး အဖွဲ့များကို တည်ထောင်ပေးခြင်းဖြင့် တောင်သူများအား စုဖွဲ့ပေးသည်။ ထိုအဖွဲ့များတွင် စပါးလှောင်ချေးငွေ နည်းလမ်းအပါအဝင် ဦးတည်ထားသော နယ်ပယ်အမျိုးမျိုး ရှိကြသည်။ ၂၀၁၈ ခုနှစ်တွင် တောင်သူ ၆၀ ဦးတို့က နွေစပါး စုပေါင်းသိုလှောင်ခြင်းအစီအစဉ်ကို အသုံးပြု၍ စပါးတင်းပေါင်း ၈,၁၀၀ (၁၆၉ တန်) ကို ထည့်ဝင်စုဆောင်းခဲ့ကြရာ၊ အစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် တောင်သူများအတွက် အမေရိကန် ဒေါ်လာ ၇,၁၀၀ ခန့် အကျိုးအမြတ်ရရှိစေခဲ့သည်။

### အရည်အသွေးမြင့် မျိုးစပါးများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးမှုတိုးတက်စေခြင်း

မြစ်ဝကျွန်းပေါ်ဒေသရှိ စိုက်ပျိုးရေးဂေဟာစနစ်ဇုန် အများစုတွင် ကောင်းစွာစိုက်ပျိုးဖြစ်ထွန်း နိုင်သည့် အဆင့်မြှင့်တင်ထားသော စပါးမျိုးကွဲများ၏ အရည်အသွေးမြင့် မျိုးစပါးများအား လက်လှမ်းမီရေးသည် ထုတ်လုပ်မှုတိုးတက်စေရန်နှင့် ဆန်စက်များသို့ စပါးမျိုးတပြေးညီ ရောင်းချနိုင်ရန်အတွက် ရှေ့ပြေး လိုအပ်ချက်ပင်ဖြစ်သည်။ ကောင်းစွာစိုက်ပျိုး ဖြစ်ထွန်းပြီး အထွက်နှုန်း မြင့်မားသော စပါးမျိုးကွဲ များ၏ အရည်အသွေးမြင့် မျိုးစပါးများအား အသုံးပြုရန်မှာ မြန်မာနိုင်ငံ၏ ဆန်စပါးတန်ဖိုးမြှင့် ကွင်းဆက်တွင် အကျပ်အတည်းဖြစ်နေသော အချက်များအနက် တစ်ခုဖြစ်သည်။ LIFTသည် ယင်းအခက်အခဲကို ဖြေရှင်းရန်အတွက် အာမခံသော သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိထားသော မျိုးစပါးများကို တောင်သူများက ထုတ်လုပ်နိုင်ရေး နှင့် မျိုးသန့်မျိုးစေ့ထုတ်လုပ်ရောင်းဝယ်သည့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် ဆောင်ရွက်သော စီမံကိန်း ၅ ခု ကို ပံ့ပိုး ကူညီနေပါသည်။

Welthungerhilfe (WHH)/Centre for Development of Innovation (CDI), Wageningen University တို့ ပူးပေါင်း ဆောင်ရွက် သည့် Rice Sector Support Development (RSSD) စီမံကိန်းသည် မျိုးစပါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကိုသာ လုံးဝ ဦးတည်ထားပြီး၊ စိုက်ပျိုးရေးဦးစီးဌာနအတွက် ပေးအပ်မည့် အကူအညီများ ပါဝင်သည်။ လုပ်ကွယ်ငယ် မျိုးစပါး စိုက်ပျိုးထုတ်လုပ်သူ ၂၂ ဦးနှင့် စုပေါင်း အာမခံ စနစ်ဖြင့် ဆောင်ရွက်သည့် အုပ်စု (၁၃) စု တို့ကို ရွေးချယ်၍ ၂၀၁၈ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၀,၀၀၀ တန်ဖိုးရှိသည့် စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှု အမျိုးမျိုးကို ပေးအပ်နိုင်ခဲ့သည်။

### ပညာပေးခြင်းနှင့် အကြံပေးဝန်ဆောင်မှုများ

ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍမှ ပါဝင်သူများ ပိုမိုများပြားလာပြီး တောင်သူအဖွဲ့အစည်းများတွင် အဖွဲ့ဝင် အဖြစ် ပါဝင်ကြသည့် တောင်သူများအား သင်တန်းများ ပိုမိုထောက်ပံ့ပေးနေကြသည်။ စိတ်ပါဝင်စားသော တောင်သူများအားလည်း ကျန်အဖွဲ့ဝင်များသို့ အခြေခံ ပညာပေးလုပ်ငန်း များအား မည်သို့ အကြံပေးမည် ကိုလည်း လေ့ကျင့်သင်တန်းပေးခဲ့သည်။ စီမံကိန်း များသည် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် မှုများ တိုးတက်စေရန် ဆောင်ရွက်နိုင်ခဲ့ကြပြီး၊ အဓိက တောင်သူများအား နောက်ပိုင်းတွင် အကြံပေး လုပ်ငန်းဆက်လက်ထောက်ပံ့နိုင်မည့် သင်တန်းဆရာများအဖြစ် လေ့ကျင့်ပေးနိုင်ခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက် စီမံကိန်းများတွင် ဆောင်ရွက်သော ပညာပေး ဝန်ဆောင်မှုများသည် တောင်သူ ၁၅,၀၀၀ ဦးထံ တိုက်ရိုက်ဖြန့်ကျက်ရောက်ရှိခဲ့ပြီး၊ ရလဒ်အဖြစ် အထွက်နှုန်း သိသာစွာတိုးတက်စေခဲ့သည်။

လပွတ္တာနှင့် ဈေးကွက်နှင့်ချိတ်ဆက်ပေးခြင်းစီမံချက် (LLM) သည် သွင်းအားစုထုတ်လုပ်ရောင်းချသူတစ်ဦး ဖြစ်သော ဩဘာ အပါအဝင် ပုဂ္ဂလိကကုမ္ပဏီများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် LLM စီမံကိန်းသည် သွင်းအားစုများ ထောက်ပံ့ပေးခြင်းနှင့် သင်တန်းမန်နေဂျာများဖြင့် မြေဆီလွှာစမ်းသပ်ခြင်းဝန်ဆောင်မှုများကို ပေးအပ် နိုင်ရန် ဩဘာနှင့် ပူးတွဲလုပ်ဆောင်ခဲ့သည်။ ၂၀၁၈ ခုနှစ်အကုန်တွင် သင်တန်းမန်နေဂျာ ၁၁၃ ဦးနှင့် တောင်သူ ၃၅၀ ဦးတို့သည် အစိုးရပညာပေး ဝန်ထမ်းများ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီထံမှ စိုက်ပျိုးရေးဆိုင်ရာ သင်တန်း သို့မဟုတ် အကြံပြုချက်များကို ရရှိခဲ့ကြသည်။



### သင်သိပါသလား?

မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုပမာဏနှင့် အထွက်နှုန်းကို မြှင့်တင်နိုင်ရန် အလားအလာများစွာရှိနေသော်လည်း၊ စိုက်ပျိုးရေးကဏ္ဍသည် အခြားသော စီးပွားရေးကဏ္ဍများနှင့် နှိုင်းယှဉ်ပါက အားနည်းနေပါသေးသည်။ အကြောင်းရင်းမှာ အခြေခံ အဆောက်အဦပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု မရှိခြင်း၊ ငွေရေးကြေးရေးဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်သာ ရှိခြင်းနှင့် ပညာပေး လုပ်ငန်းများ အားနည်းခြင်းကြောင့် ဖြစ်သည်။



## စက်မှုလယ်ယာ

LIFTသည် စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်ရေးကို ပံ့ပိုးကူညီပေးရန်အတွက် ရိုးမဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်နေသော အစီအစဉ်တစ်ရပ်ကို ရန်ပုံငွေထောက်ပံ့ပေးနေသည်။ ယင်းအစီအစဉ်အရ ရိုးမဘဏ်သည် လယ်ယာသုံး စက်ပစ္စည်းရောင်းချသူများနှင့် မိတ်ဖက်ဖွဲ့စည်းလျှက် တောင်သူများနှင့် စွန့်ဦးထွင်လုပ်ငန်းရှင်များ သို့ ငါးဝယ်ချေးငွေများ ထုတ်ပေးနေပါသည်။ LIFTက ရန်ပုံငွေထောက်ပံ့နေသော စိုက်ပျိုးစီးပွား ငွေကြေး အစီအစဉ် (AFP) အရ ရိုးမဘဏ်သည် ကနဦးပေးချေငွေကို ၁၀% အထိလျှော့ချပေးခဲ့ပြီး၊ ချေးငွေအတွက် ပြန်ဆပ်ချိန်ပိုပေးကာ၊ တောင်သူများ၏ ရာသီ အလိုက် ငွေစီးဆင်းမှုပုံစံနှင့် ကိုက်ညီသည့် တစ်နှစ် (၂)ကြိမ် ချေးငွေပြန်ဆပ်ခြင်း အစီအစဉ်ဖြင့် ချေးငွေများ ပိုမိုထုတ်ချေးပေးခဲ့သည်။ တောင်သူတစ်ဦးက ရိတ်သိမ်းစက်တစ်စီးကို အပြည့်အဝ ပိုင်ဆိုင်သည်နှင့်တပြိုင်နက် တစ်ဧက ရိတ်သိမ်းရန် အတွက် အသုံးပြုရသည့် လုပ်သားနှင့် အလုပ်လုပ်ရက် အရေအတွက်သည် စက်မပိုင်ဆိုင်မီက တစ်ဧကလျှင် ၄.၉ ရက် ရှိရာမှ ယခုအခါ ၀.၃ ရက်နှုန်းသို့ လျော့ကျသွားပါသည်။

## ပုဂ္ဂလိကကဏ္ဍနှင့် ထုတ်လုပ်သူများကို ချိတ်ဆက်ပေးခြင်း

LIFTသည် စီမံကိန်း ပူးတွဲအကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့များမှတဆင့် တောင်သူများနှင့် ပုဂ္ဂလိက ကဏ္ဍ အကြား (ဥပမာ - သွင်းအားစုထုတ်လုပ်ရောင်း ချသူများ၊ လယ်ယာသုံးစက်ပစ္စည်း ရောင်းချသူများ၊ မျိုးသန့်မျိုးစေ့ ထုတ်လုပ် ရောင်းချသူများ၊ သီးနှံအာမခံနှင့် ငွေကြေးဝန်ဆောင်မှုပေးသူများ၊ ဆန်စက်ပိုင်ရှင်များနှင့် ကုန်သည်များ စသည်ဖြင့်) ချိတ်ဆက်မှုများ ဖန်တီးပေးနိုင်မည့် အခွင့်အလမ်း များကို ရှာဖွေနေ ပါသည်။ ပါဝင်သည့် အဖွဲ့အစည်း အားလုံးတို့သည် တောင်သူများက ၄င်းတို့၏ ထုတ်လုပ်ရေးစနစ်များတွင် အကောင်းဆုံး ဝန်ဆောင်မှု များနှင့် သွင်းအားစုများကို လက်လှမ်းမီ စေရေး ဟူသော အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက် ရပါမည်။

လပွတ္တာနှင့်ဈေးကွက်ချိတ်ဆက်ပေးခြင်း စီမံကိန်း (LLM) သည် လုပ်ကွက်ငယ် တောင်သူ ၈၇၄ ဦးတို့အား အမေရိကန် ဒေါ်လာ ၃၃၁,၀၀၀ တန်ဖိုး ရှိသော အရည်အသွေးမြင့် သွင်းအားစုများကို ဈေးကွက်တွင်းရောင်းချသူများထံမှ ဝယ်ယူနိုင်စွမ်း ရှိစေခဲ့သည်။

## ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍကို ပံ့ပိုးကူညီပေးခြင်း

မြန်မာနိုင်ငံတွင် ရေလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးကို ပံ့ဖော်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပြီး၊ ပြည်သူ ၂.၆ သန်းခန့်အတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ကို ထောက်ပံ့ပေးနေသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝပြီး၊ လုပ်ကွက်ငယ်ငါးဖမ်းလုပ်ငန်း သိန်းပေါင်းများစွာကို ထောက်ပံ့ပေး နေသော ရေထွက်ပစ္စည်းထုတ်လုပ်မှုကလည်း တိုင်းဒေသကြီး အစိုးရအတွက် အခွန်ဘဏ္ဍာအများဆုံးရှာဖွေ ပေးနေပါသည်။

Network Activities Group (NAG) သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရက ကုန်းတွင်းပိုင်းရေ (အင်း)ကို ဒေသခံများ ပူးတွဲစီမံ အုပ်ချုပ်သည့် ငါးဖမ်းလုပ်ငန်း အစုအဖွဲ့များအား လိုင်စင်ချပေးရန်နှင့် အသုံးပြုခွင့်ပေးရန် လမ်းပွင့်စေမည့် ဥပဒေ တရပ် ရေးဆွဲရာတွင် ပံ့ပိုးကူညီပေးခဲ့သည်။ ဤဥပဒေသည် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်ရေးစနစ်တွင် ကျားမတန်းတူ ညီမျှမှု ကိစ္စရပ်ကို အဓိကကဏ္ဍအဖြစ် ထည့်သွင်းနိုင်မည့် အခွင့်အလမ်းများအပါအဝင် မြစ်ဝကျွန်းပေါ်ဒေသ၏ ရေလုပ်ငန်းရင်းမြစ် များမှ ထွက်ပေါ်လာသည့် အကျိုးအမြတ် များအား ဖြန့်ကျက်ရရှိစေခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်စေ ခြင်းတို့အတွက် အခြေခံ အုတ်မြစ်တစ်ခုချပေးပါသည်။

WorldFish ၏ My Culture စီမံကိန်းသည် ဒေသခံပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးတက်စေရေးအတွက် မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးလုပ်ငန်းရေရှည်တိုးတက်စေရန် မြှင့်တင်ဆောင်ရွက်ပေးသည်။ စီမံကိန်းသည် တောင်သူ ၃,၂၀၀ ဦးသို့ ပံ့ပိုးမှုများ ရောက်ရှိ ခဲ့ပြီး၊ စီမံကိန်းတွင် ပါဝင်သူများစွာတို့က စားနပ်ရိက္ခာနှင့် ဝင်ငွေ ရရှိစေသော ထုတ်လုပ်မှု တိုးတက်လာသည့်အတွက် ကျေနပ်ကြကြောင်း ဖော်ပြခဲ့ကြသည်။ စီမံကိန်းသည် မြန်မာနိုင်ငံတွင် ငါးလုပ်ငန်း ရေရှည် တည်တံ့ဖွံ့ဖြိုးမှုကို ကူညီသည့် အနေဖြင့် မျိုးဗီဇ ပြုပြင်ထားသော တီလားပီးယား ငါးသားဖေါက်ခြင်း အစီအစဉ်ကို မြှင့် တင်ပေးရန် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသော လှော်ကားနှင့် ဒေးဒရဲ ငါးသားဖေါက်လုပ်ငန်းများကိုလည်း ပံ့ပိုးကူညီ ပေးခဲ့သည်။

## ရှေ့သို့မျှော်ကြည့်လျှင်

ပြောင်းလဲနေသော ပတ်ဝန်းကျင်တွင်
စားနပ်ရိက္ခာဖူလုံမှုကို သေချာစေပြီး၊
ဖွံ့ဖြိုးမှုကို ထိရောက်စွာထောက်ပံ့ပေးနိုင်သည့်
စိုက်ပျိုးရေးစနစ်များကို ပြုပြင်ပြောင်းလဲရန်နှင့်
ပြန်လည်တည်ဆောက်ရန် အတွက် လိုအပ်သော
လုပ်ငန်းများကို လမ်းညွှန်ပေးနိုင်သော
ချဉ်းကပ်နည်းလမ်း

# climate-smart agriculture approach

# value policy

# nutrition-sensitive

အာဟာရချို့တဲ့ခြင်းနှင့် အနည်းလို
အာဟာရဓါတ်မလုံလောက်ခြင်း
ကို ဖြေရှင်းရာတွင် အဓိကကျသည့်
အာဟာရကြွယ်ဝသော စားနပ်ရိက္ခာများ၊
မတူကွဲပြားသော အစားအစာများ၊
အားဖြည့်စားနပ်ရိက္ခာများကို
ဖြစ်ထွန်းစေမည့် စိုက်ပျိုးရေးကဏ္ဍ
ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ
စားနပ်ရိက္ခာအခြေခံသော
ချဉ်းကပ်နည်းလမ်းဖြင့်သာ ရရှိနိုင်ပါသည်။

# agri-food system

# women's empowerment

စားနပ်ရိက္ခာထုတ်လုပ်ခြင်း၊
အဆင့်ဆင့်ပြုပြင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်
စားသုံးခြင်းနည်းလမ်းများကို
ဆုံးဖြတ်ပေးနေသည့် လုပ်ဆောင်ချက်များနှင့်
ဆက်နွယ်မှုများ၊ အဆင့်တိုင်းတွင်
ယင်းလုပ်ဆောင်ချက်များကို
ပံ့ပိုးပေးနေသော လူသားနှင့် ဇီဝစနစ်များ
- စိုက်ပျိုးရေး-စားနပ်ရိက္ခာစနစ်တစ်ခုအား
အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်
အဓိကအချက်မှာ အစီအစဉ်တလျှောက်လုံးတွင်
ရုတ်တရက်ထိခိုက်မှုများနှင့် ဖိစီးမှုများကို
ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ရန်ပင်ဖြစ်သည်။

# သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းမှု



**မြန်မာနိုင်ငံသည် ရွှေ့လျား ပြောင်းလဲနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။** မြန်မာနိုင်ငံတွင်း ရွှေ့ပြောင်း နေထိုင်လုပ်ကိုင်သူ ၉.၃၉ သန်းကျော်နှင့် နိုင်ငံတကာသို့ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူ ၄.၂၅ သန်းခန့်ရှိပါသည်။ ဤလူဦးရေသည် မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ လေးပုံတပုံကို ကိုယ်စားပြုသည်။

ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ၂၀၁၈ ခုနှစ်တွင် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင် သူများထံမှ ပြန်လွှဲပို့ငွေ အမေရိကန်ဒေါ်လာ ၂.၈ ဘီလီယံခန့် ရှိခဲ့ပြီး၊ ယင်းပမာဏတွင် တရားမဝင် လမ်းကြောင်းများဖြင့် ပြန်လွှဲပို့ငွေများ မပါဝင်သေးပါ။ UNCDF မှ ဆောင်ရွက်သည့် ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေခြင်းဆိုင်ရာ နိုင်ငံလွှမ်းခြုံလေ့လာမှုအရ အမှန်တကယ် ပြန်လွှဲပို့ငွေ ပမာဏသည် အမေရိကန်ဒေါ်လာ ၁၀.၈ ဘီလီယံနီးပါး ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

နိုင်ငံတွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများ လုံလောက်စွာ မရှိခြင်းနှင့် (သွားရောက်မည့်) နိုင်ငံရပ်ခြားတွင် ပိုမိုမြင့်မားသော လုပ်ခလစာ ရနိုင်သည်ဟူသော ကတိစကားများသည် အထူးသဖြင့် ကျေးလက်နေပြည်သူများနှင့် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအပါအဝင် မြန်မာနိုင်ငံမှ ပြည်သူများအား ရွှေ့ပြောင်း နေထိုင်လုပ်ကိုင်ရန် အဓိက လှုံ့ဆော်မှုများပင် ဖြစ်ကြသည်။

ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်ခြင်းသည် ကျေးလက်ဒေသများတွင် အရေးကြီးသော အသက်မွေးဝမ်းကျောင်းမဟာဗျူဟာ တစ်ရပ်ဖြစ်ပြီး၊ အိမ်ထောင်စုများအနေဖြင့် မိမိတို့၏ ဝင်ငွေကို မျိုးစုံလင်စေ၍ တည်ငြိမ်မှု ရှိစေသည်။ မိသားစုဝင်တစ်ဦးအား မြို့ကြီး သို့မဟုတ် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရန် စေလွှတ်လိုက်ခြင်းသည် ဝင်ငွေ ရုတ်တရက် ဆုံးရှုံးမှုကြောင့် ယုဉ်တဲ့ ဖြစ်ပေါ်လာသည့် စိတ်ပူပန်ခြင်းမှ လူမှုဆိုင်ရာ ကာကွယ် ပေးနိုင်သည့် နည်းလမ်းတစ်ခုကို ထောက်ပံ့ ပေးခြင်းပင်ဖြစ်သည်။

LIFTသည် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်း နေထိုင်လုပ်ကိုင်မှု အခွင့်အလမ်းများကို တိုးချဲ့ပေးနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် ရွှေ့ပြောင်းသွားလာမှု အစီအစဉ်ကို ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၄ သန်း စတင်ထောက်ပံ့ခဲ့သည်။ အဆိုပါ အစီအစဉ်သည် မြန်မာတစ်နိုင်ငံတဝှမ်းမှ ဆင်းရဲနွမ်းပါး၍ ထိခိုက်လွယ်သော ပြည်သူများအား ပိုမိုဘေးကင်းလုံခြုံ၍ လုပ်ခလစာပိုမိုကောင်းမွန်သော ရွှေ့ပြောင်း အလုပ်အကိုင်အတွေ့အကြုံများကို ရရှိစေခြင်းဖြင့် ၄င်းတို့၏ ဝင်ငွေတိုးမြင့်စေပြီး ကြံ့ကြံ့ခံနိုင်မှုတိုးတက်စေရန် ကူညီပေးနိုင် ခဲ့သည်။

လက်ရှိတွင် LIFT၏ ရွှေ့ပြောင်းသွားလာမှု အစီအစဉ်သည် စီမံကိန်း (၇) ခုကို ထောက်ပံ့ပေးနေပြီး၊ မြန်မာနိုင်ငံ ရွှေ့ပြောင်းလုပ်သားကဏ္ဍတွင် ရန်ပုံငွေ အများဆုံးထောက်ပံ့ပေးနေသော အစီအစဉ်တစ်ခုဖြစ်သည်။

## လုပ်သားရွှေ့ပြောင်းမှုဆိုင်ရာ အုပ်ချုပ်မှု မူဘောင်ကို ခိုင်မာအားကောင်းစေခြင်းနှင့် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုကို ကဏ္ဍအလိုက် မူဝါဒများတွင် အဓိက ကဏ္ဍအဖြစ် ထည့်သွင်းခြင်း

LIFTသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့အား နည်းပညာအကူအညီများပေးရန်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) က နိုင်ငံတွင်းနှင့် နိုင်ငံရပ်ခြားရွှေ့ပြောင်း လုပ်သားအုပ်ချုပ်မှုဖွံ့ဖြိုးစေရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ကူညီပံ့ပိုးပေးခဲ့သည်။ ဤစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင်မှာ အမျိုးသားနှင့် အမျိုးသမီးများ နိုင်ငံရပ်ခြားသို့ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်၍ ပြည်ပ အလုပ်အကိုင်မှ အကျိုးအမြတ်များ ရရှိစေနိုင်သည့် ရွှေ့ပြောင်းလုပ်သားအုပ်ချုပ်မှုမူဘောင်တစ်ရပ် ကို မြန်မာနိုင်ငံတွင် တည်ထောင်နိုင်ရန်ဖြစ်သည်။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအား ပြန်လည်ပြင်ဆင်ခြင်းသည်လည်း ၂၀၁၈ခုနှစ် တွင် တိုးတက်မှုများ ရှိခဲ့သည်။ ၁၉၉၉ခုနှစ် တွင် ပြဋ္ဌာန်းခဲ့သည့် လက်ရှိ ပြည်ပ အလုပ်အကိုင် ဆိုင်ရာ ဥပဒေသည် ရွှေ့ပြောင်း နေထိုင်လုပ်ကိုင်ခြင်း လုပ်ငန်းစဉ်အား ထိရောက်စွာ ကြီးကြပ်နိုင်ရန်အတွက် ခေတ်နှင့် ဆီလျော်ခြင်း မရှိတော့ပေ။ ဥပဒေမူကြမ်း များစွာတို့ကို ရေးဆွဲခဲ့ပြီး၊ လက်ရှိ ဥပဒေအား ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ခုနှစ်တွင် ပြဋ္ဌာန်းနိုင်မည်ဟု မျှော်မှန်းထားသည်။

## ကျေးလက်နှင့် မြို့ပြရွှေ့ပြောင်းနေထိုင် လုပ်ကိုင်မှုများအတွက် တာဝန်ယူမှုနှင့် အပြုသဘောဖြင့် တုန့်ပြန်ဆောင်ရွက်ရန် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အမျိုးသမီးရွှေ့ပြောင်းလုပ်သားများက သူတို့အတွက် အလုပ်ရရန် အများဆုံး စိန်ခေါ်မှုမှာ သင်တန်းအခွင့် အလမ်းများ မရှိခြင်းဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စက်ရုံပိုင်ရှင်များသည် သင်တန်းမတက်ထားသော လုပ်သားများအား အလုပ်မခန့်လိုသောကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ အမျိုးသမီးများသည် လုံလောက်သော ဝင်ငွေကို လျှင်မြန်စွာ ရှာဖွေနိုင်စွမ်း မရှိပါက အကြွေးနွံ အတွင်းသို့ ကျရောက်သွားနိုင်ခြင်း သို့မဟုတ် အလုပ်လုပ်ရာတွင် ခေါင်းပုံဖြတ်ခံရခြင်း သို့ ရောက်ရှိသွားနိုင်သည်။ ထို့အတူပင် အထည်ချုပ် ကဏ္ဍတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများနှင့် ပတ်သက်သည့် ပြဿနာများလည်း များစွာရှိနေသည်။

LIFTသည် ထိုစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အောင်မြင်မှုစီမံကိန်းကို ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ CARE International နှင့် Business Kind Myanmar တို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အဆိုပါ စီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည်။

အောင်မြင်မှု စီမံကိန်းသည် လှိုင်သာယာနှင့် ရွှေပြည်သာ မြို့နယ်များကို ဦးတည်လျက် ရန်ကုန်မြို့ပြအနီး ဒေသများရှိ အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများအား သင်တန်းများသို့ လက်လှမ်းမီစေခြင်း၊ ကွန်ရက်ဖွဲ့စည်းဆက်သွယ် ပေးခြင်း၊ ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းဖြင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များ ရရှိရေးအတွက် အခွင့်အလမ်းများကို ချဲ့ထွင် ပေးနိုင်ခဲ့သည်။ ထို့အပြင် စီမံကိန်းသည် အထည်ချုပ်စက်ရုံများတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ဆန့်ကျင်ရေး မူဝါဒ ဖော်ထုတ်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်ကြားရေး လုပ်ငန်းစဉ်များဖော်ထုတ်ရာတွင် လည်းကောင်း လှုံ့ဆော် အားပေးခဲ့သည်။

အောင်မြင်မှု စီမံကိန်းသည် အထည်ချုပ်ကဏ္ဍမှ အမျိုးသား၊ အမျိုးသမီးလုပ်သား ၂,၀၀၀ ဦးကို သင်တန်းများပေးခဲ့ပြီး၊ ယင်းသင်တန်းများကို တက်ရောက်အောင်မြင်ပြီးသူများအနက် ၉၅% သည် အမျိုးသားကျွမ်းကျင်မှုဆိုင်ရာစံနှုန်း အာဏာပိုင်အဖွဲ့က ပြုလုပ်သည့် ဆန်းစစ်ချက် စာမေးပွဲများကို အောင်မြင်ခဲ့ကြသည်။ အရေးကြီးသည့် အချက်မှာ သင်တန်းများသည် အထည်ချုပ်ကဏ္ဍရှိ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများအတွက် ပိုမို ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများ ရရှိစေရန် ကူညီပေးနိုင်ခဲ့ခြင်း ဖြစ်ပြီး၊ အောင်မြင်မှု စီမံကိန်းမှ သင်တန်းပေးလိုက်သော လုပ်သားများ အနက် ၆၄% သည် သင်တန်း မတက်ရောက် သူများထက် ပိုမိုမြင့်မားသော လစာများကို ရရှိခဲ့ကြသည်။

### သင်သိပါသလား?

မြန်မာနိုင်ငံတွင် လူ (၄) ဦးတွင် (၁) ဦးသည် ရွှေ့ပြောင်းလုပ်သားဖြစ်နေသည်။
တကမ္ဘာလုံးပျမ်းမျှမှာ လူ(၇)ဦးတွင် (၁)ဦးသာ ရွှေ့ပြောင်းလုပ်သားဖြစ်သည်။

### သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဆိုသည်မှာ မည်သည့်အလုပ်ဖြစ်ပါသနည်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) က သင့်တင့်လျောက်ပတ်သော အလုပ်ဆိုသည်မှာ " ထုတ်လုပ်မှု မြင့်မားပြီး၊ သင့်တင့်မျှတသော ဝင်ငွေပေးစွမ်းနိုင်သော၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းသော၊ မိသားစုများ ကို လူမှု ဆိုင်ရာ ကာကွယ်ပေးသော၊ ပုဂ္ဂိုလ်ရေးတိုးတက်မှုနှင့် လူမှုဆိုင်ရာ ပေါင်းစပ်ပါဝင်နိုင်မှုအတွက် အလားအလာ ပိုကောင်းသော၊ မိမိ၏ စိုးရိမ်မှုများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သော၊ မိမိတို့ဘဝများကို သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စုဖွဲ့၍ ပူးပေါင်းပါဝင်နိုင်သော၊ အမျိုးသား၊ အမျိုးသမီးအားလုံးကို မျှတစွာဆက်ဆံ၍ တန်းတူညီမျှသော အခွင့် အလမ်းများရှိသည့် အလုပ်အခွင့်အလမ်းများပါဝင်သည်"ဟု ဖွင့်ဆိုထားသည်။ သို့ဖြစ်ရာ သင့်တင့် လျောက်ပတ်သော အလုပ်ဆိုသည်မှာ တဖက်စွန်းတွင် ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသော လုပ်သားအလေ့အထများဖြစ်ပြီး၊ အခြားအစွန်းတဖက်တွင်မူ အတင်းအကြပ်စေခိုင်းခံရခြင်းနှင့် လူကုန်ကူးခံရခြင်းတို့ရှိနေသော ဖြစ်စဉ် တစ်ခုဟု မှတ်ယူနိုင်ပါသည်။



## ဘေးကင်းလုံခြုံ၍ လုပ်ခကောင်းမွန်သော ရွှေ့ပြောင်းအလုပ်အကိုင်အတွက် BBC Media Action နှင့် သတင်းအချက်အလက်ပေးခြင်း အစီအစဉ်

ရွှေ့ပြောင်းအလုပ်အကိုင်အတွက် အချက်အလက် ပိုမိုသိရှိသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ကူညီပေးရန်နှင့် ငွေရေးကြေးရေး စီမံခန့်ခွဲမှုများကို ကူညီပေးရန်အတွက် နိုင်ငံပိုင်နှင့် ဒေသတွင်း မီဒီယာများကို အရှိန်မြှင့်တင်ဆောင်ရွက်စေရန် BBC Media Action သည် စီမံကိန်းတစ်ခုကို ၂၀၁၆ ခုနှစ်တွင် အစပျိုးဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းအရ နိုင်ငံပိုင် ရေဒီယို အစီအစဉ်မှ အပတ်စဉ် ဖြစ်ရပ်ဇာတ်လမ်းများကို ထုတ်လွှင့်ပေးပြီး၊ ရွှေ့ပြောင်းအလုပ်အကိုင်နှင့် မိသားစု ငွေကြေးစီမံခန့်ခွဲပုံကို ဒေသခံပြည်သူများက ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး (၈) ခုမှ အရပ်ဘက် လူမှု အဖွဲ့အစည်း များကို ပံ့ပိုးကူညီပေးခဲ့သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစ၍ အပတ်စဉ် ထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ပြီးနောက် ရေကြည်ရာ ရေဒီယိုအစီအစဉ်သည် ယုံကြည်ရသော၊ အချက်အလက်များ ပေးနိုင်သော၊



ဓါတ်ပုံ - Eden Ministry

စိတ်ကူးကောင်းသော အစီအစဉ်တစ်ရပ်အဖြစ် တည်ထောင် ရပ်တည်နိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရေကြည်ရာ အစီအစဉ်မှ ဖြစ်ရပ်ဇာတ်လမ်းအသစ် (၅၂) ခုကို ထုတ်လုပ်၍ ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ BBC Media Action သည်လည်း မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခုလုံးတွင် ရေကြည်ရာအစီအစဉ်ကို နားထောင်သူအဖွဲ့များ ဖွဲ့စည်းပေးခဲ့ရာ၊ ယင်းအဖွဲ့များတွင် နားထောင်သူ ၂၀၀၀ ကျော် ချိတ်ဆက်ပါဝင်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်တွင် ပြုလုပ်သည့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော စစ်တမ်းတစ်ရပ်အရ ဤအစီအစဉ်သည် မြန်မာနိုင်ငံရှိ နားထောင်သူ ၃.၂ သန်း ထံသို့ ဖြန့်ကျက်ရောက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုနားထောင်သူများအနက် ၄၃% က ရေကြည်ရာ ရေဒီယိုအစီအစဉ်ကို နားထောင်ခြင်းကြောင့် ၎င်းတို့၏ ငွေကြေးများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည့် အစပျိုးလုပ်ငန်း များကို တက်ကြွစွာ လုပ်ဆောင်ခဲ့ကြကြောင်း ပြောကြားခဲ့သည်။

## Eden Ministry နှင့် လိင်လုပ်ငန်းကဏ္ဍရှိ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများသို့ ဖြန့်ကျက်ရောက်ရှိစေခြင်းစီမံကိန်း

LIFTသည် ရန်ကုန်မြို့ရှိ လိင်လုပ်ငန်းကဏ္ဍတွင် လူကုန်ကူးခံရသော အမျိုးသမီးများထံ ဖြန့်ကျက်ရောက်ရှိရေးနှင့် အကူအညီပေးရေးအတွက် Eden Ministryအား ၂၀၁၇ခုနှစ် မတ်လမှ စတင်၍ ပံ့ပိုးကူညီပေးခဲ့သည်။ ဤစီမံကိန်းသည် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအား ခေါင်းပုံဖြတ်ခံနေရသော အခြေအနေများမှ အမြဲရုန်းထွက်နိုင်ရေး အတွက် အခွင့် အလမ်းများကို ထောက်ပံ့ပေးပါသည်။ Eden စီမံကိန်းသည် ရန်ကုန်မြို့ရှိ လိင်လုပ်ငန်းဧရိယာများသို့ ဖြန့်ကျက်သွားရောက်ခြင်းဖြင့် လိင်ဆက်ဆံမှုမှတဆင့် ကူးစက်နိုင်သော ရောဂါများအကြောင်း အသိအမြင်ဖွင့်ပေးပြီး၊ လိင်လုပ်သားများအား HIV ပိုးရှိမရှိ စမ်းသပ်ပေးသည့် ဝန်ဆောင်မှု များကို အခမဲ့ ထောက်ပံ့ပေးသည်။ စီမံကိန်းသည် ထိုလုပ်ငန်းအသိုက်အဝန်းမှ ၂၀၅ဦးကို HIV ပိုးရှိမရှိ စစ်ဆေးပေးခဲ့ပြီး၊ ပိုးတွေ့ရှိသူများကို နှစ်သိမ့်ဆွေးနွေးခြင်းနှင့် လွှဲပြောင်း ကုသစေခြင်းများ ပြုလုပ်ခဲ့သည်။ စီမံကိန်းစတင်ချိန်မှစ၍ အမျိုးသမီးနှင့် မိန်းကလေးငယ် ၆၂ ဦး တို့ကို ရှာဖွေဖော်ထုတ်ခဲ့ပြီး၊ အကာအကွယ်ပေးရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးခဲ့သည်။

စီမံကိန်းသည် လူကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများအားလည်း ခိုလှုံခွင့်နှင့် ပြန်လည် ထူထောင်ရေးဝန်ဆောင်မှုများ ပေးအပ်နေသည်။ Eden စီမံကိန်း၏ ခိုလှုံရာနေရာတွင် လွတ်မြောက်လာသူများအား ကူညီပေးရန်အတွက် စိတ်ဒဏ်ရာ နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် တီထွင်ဆန်းသစ်သော ပြန်လည်သန်စွမ်းရေးကုထုံးများကိုလည်း ထောက်ပံ့ပေးနေသည်။ ထို့ အတူပင် အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူဖြစ်စေရန် ကျောက်မျက်သွေးခြင်း/ အလှစီခြင်း၊ ဆံပင်အလှပြင်ခြင်း၊ ကွန်ပျူတာ၊ ကော်ဖီဖျော်ခြင်း၊ မုန့်ဖုတ်ခြင်း၊ အရောင်းနှင့် ဘာသာစကား အမျိုးမျိုးတို့အတွက် ကျွမ်းကျင်မှုသင်တန်းများကိုလည်း ထောက်ပံ့ပေးသည်။

## ရွှေ့ပြောင်းလုပ်ငန်းလမ်းကြောင်းကို အသိပေးရန်အတွက် ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်မှုဆိုင်ရာ အသိပညာမိတ်ဖက်အဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်း

အမျိုးသားနှင့်အမျိုးသမီးရွှေ့ပြောင်းလုပ်သားများသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး တွင် အလွန်အရေးကြီး သော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ သို့ရာတွင် အသိပညာအခြေခံတွင်  အဓိကကွက်လပ်များရှိနေသည့်အတွက် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်း နေထိုင် လုပ်ကိုင်မှုနှင့်ပတ်သက်သည့် ရှုပ်ထွေးမှုများကို ကောင်းစွာ နားလည်နိုင်ခြင်း မရှိသေးပါ။

LIFTသည် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှုနှင့် ယင်း၏ ဖြစ်ပေါ်တိုးတက်မှုအကြား ဆက်နွှယ်မှုများကို အကြီးစားလေ့လာမှု တစ်ခုဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ မှစ၍ International Organisation for Migration၊ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် University of Sussex တို့ကို ပံ့ပိုးကူညီခဲ့သည်။ ထိုအဖွဲ့များက ဆောင်ရွက်နေသော မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် လူသားရွှေ့လျားမှုကို ရင်းနှီးမတည်ခြင်း စီမံကိန်း (CHIME) သည် မြန်မာနိုင်ငံတော်အစိုးရ၊

ဖွံ့ဖြိုးရေးဆောင်ရွက်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့က ရွှေ့ပြောင်း လုပ်ကိုင်မှုနှင့် ဖွံ့ဖြိုးရေး ဖြစ်စဉ်အကြောင်း ပိုမိုနားလည်လာစေရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းလုပ်ကိုင်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် သာဓက အခြေပြုသည့် အကြံပြုချက်များဖြင့် ဆောင်ရွက်လုပ်ကိုင်ရန် အားပေးနိုင်ရေး အတွက် အဆိုပါ အသိပညာကွက်လပ်များကို ဖြည့်ဆည်းပေးရန် ရည်မှန်းထားသည်။ နိုင်ငံတော် အစိုးရက နေပြည်တော်တွင် ကြီးမှူး ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းလုပ်သားများနေ့ အခမ်းအနားတွင် CHIME အစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာ အစိုးရ အကြီးတန်းအရာရှိများအပါအဝင် တက်ရောက်သူ ၅၀၀ ကျော်သို့ ဖြန့်ဝေပေးနိုင်ခဲ့သည်။

သုတေသနတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသော လူဦးရေတစ်ရပ်ရှိနေသည်။ လေ့လာမှုအရ မြန်မာနိုင်ငံသည်  ဆက်လက်ဖွံ့ဖြိုးတိုးတက်နေပြီး၊ ပြည်တွင်းနှင့် နိုင်ငံတကာရွှေ့ပြောင်းမှုများကို ပွင့်လင်းစွာ လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ ဆက်လက်ရရှိနေခြင်းကြောင့် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှု၏ ကောင်းကျိုးသက်ရောက်မှုများကို ချဲ့ထွင်နိုင်ရန်နှင့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန်အတွက် မူဝါဒများကို ပြတ်သားစွာ ချမှတ်ရန် လိုအပ်ကြောင်း မီးမောင်းထိုးဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းလုပ်သားများ အဖွဲ့အစည်း (IOM) ၏ တွဲလက်စီမံကိန်းသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ခြင်း ဖြစ်ပြီး၊ ပြည်နယ်/တိုင်းဒေသကြီး (၇)ခုရှိ ကျေးရွာ (၇၃၂) ရွာမှ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်သူ ၅၄,၀၀၀ ကျော်သို့ ဝန်ဆောင်မှုများ တိုက်ရိုက်ထောက်ပံ့ပေးခဲ့သည်။ ထိုဝန်ဆောင်မှုများတွင် (၁) မရွှေ့ပြောင်းမီ အချက်အလက်များဖြင့် အသိပညာပေးခြင်း (၂) ပြန်လွှဲပို့ငွေ စုဆောင်းခြင်းဆိုင်ရာ သင်တန်းများ ပေးခြင်း



ဓါတ်ပုံ -  IOM 2018

(၃) ဝင်ငွေ ရရှိရေးသင်တန်းများ ပေးခြင်း (၄) ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး သင်တန်းပေးခြင်းနှင့် ကိုက်ညီသည့် အလုပ်ရှာဖွေခြင်းတို့ ပါဝင်သည်။ မရွှေ့ပြောင်းမီ အသိပညာပေးဆောင်ရွက်မှုမှာ တီထွင် ဆန်းသစ်သော နည်းလမ်းတစ်ခုဖြစ်ပြီး ချင်းပြည်နယ်တွင် တိုက်ရိုက်တင်ဆက်ပညာပေးဖျော်ဖြေမှု (Live Theatre Show) နည်းလမ်းဖြင့် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းလုပ်ကိုင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်ခဲ့ရာ၊ ပတ်ဝန်းကျင်မြို့နယ်များမှ လူဦးရေ ၁၀,၀၀၀ နီးပါးအထိ ရောက်ရှိခဲ့သည်။

၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် တွဲလက်စီမံကိန်းမှ ဆောင်ရွက်သော သင်တန်းများ၏ ရလဒ်များကို ဆန်းစစ်ရန်အတွက် စစ်တမ်းတစ်ခု ကောက်ယူခဲ့ရာ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့သည့် ဒေသ(၄)ခုလုံးတွင် စီမံကိန်းကြောင့် အကျိုးကျေးဇူးရရှိသူ ၂,၀၀၀ ကျော်ကို မေးမြန်းခဲ့သည်။  စစ်တမ်းရလဒ်များအရ ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေးအလေ့အထ ဆိုင်ရာ အသိပညာများ သိသာစွာ တိုးတက်လာကြောင်း ဖော်ပြခဲ့သည်။ ငွေကြေးစီမံခန့်ခွဲမှုပညာဆိုင်ရာ သင်တန်းသည်လည်း သင်တန်းတက်ရောက်ခဲ့ကြသူ အများစု ၇၁% က ငွေစုဆောင်းခြင်းကြောင့် ပြန်လွှဲပို့ငွေပမာဏ မြင့်တက်လာခဲ့သည့်အတွက် အောင်မြင်မှုရှိခဲ့သည်။ ကျွမ်းကျင်မှုသင်တန်းတက်ရောက်ခဲ့သူများအနက် ၄၁% က အလုပ်အကိုင်သစ် သို့မဟုတ် စီးပွားရေး လုပ်ငန်းအခွင့်အလမ်းသစ်တစ်ခုခု ရှာဖွေနိုင်ခဲ့ကြောင်းနှင့် ၇၅% က သူတို့၏ ဝင်ငွေများတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့ကြသည်။

## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ

သင့်တင့်လျောက်ပတ်သော  အလုပ်နှင့် လုပ်သား ရွှေ့လျားနိုင်မှုအစီအစဉ်သည် အမျိုးသမီးများ၊ ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်သူများ၊ လူနည်းစုတိုင်းရင်းသားများ၊ ပုံစံတကျမဟုတ်သည့် ကဏ္ဍများရှိ လုပ်သားများ၊ ရွှေ့ပြောင်းနေထိုင်ရသည့် ပြည်သူများ၊ မသန်စွမ်းသူများ၊ LGBTQI အသိုက်အဝန်းတို့ အပါအဝင် လစ်လျူရှုခံရသည့် လုပ်သားများက တွေ့ကြုံခံစားရသည့် ထိခိုက်လွယ်မှုများကို လျှော့ချသွားရန် ဆက်လက် ဦးတည်ဆောင်ရွက်သွားပါမည်။ ဆောင်ရွက်မည့် လုပ်ငန်းများသည် အလုပ်သမားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဥပဒေများရှိ ကျန်ရှိနေသော ကဏ္ဍများ၊ ထိရောက်မှုမရှိသော လုပ်သားရွှေ့လျားနိုင်မှုစနစ်များ၊ အလုပ်ခန့်ထားရာတွင် ကျား/မခွဲခြား၍ တားဆီးခံရမှုများ၊ လိင်လုပ်ငန်းကို ရာဇဝတ်မှုအဖြစ် အရေးယူခြင်း၊ နှိပ်စက်ခံရနိုင်သည့် အခြေအနေများဖြစ်ပေါ်စေသည့် ဇစ်မြစ်များစသည်တို့ကို ဖော်ထုတ်ဖြေရှင်းသွားပါမည်။





# အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းရေး

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းစနစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပေးရန်အတွက် ဒေသခံအဖွဲ့အစည်း များ၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေခြင်းသည် LIFTမှ ဆောင်ရွက်နေသော လုပ်ငန်းများ၏ အဓိက အစိတ်အပိုင်း တစ်ခုဖြစ်သည်။

LIFTကို တည်ထောင်စအချိန်မှစ၍ အမျိုးမျိုးသော ရန်ပုံငွေရင်းမြစ်များဖြင့် အရပ်ဘက် အဖွဲ့အစည်း များနှင့် မိတ်ဖက်ပြု ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSO) က အဆိုပြုလွှာ သတ်မှတ်ချက်များကို ဖြည့်ဆည်းရာတွင် ကူညီပေးရန် အတွက် လုပ်ငန်းစဉ်အသစ်များကို အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံ CSO အဖွဲ့များသို့ ပေးအပ်ထောက်ပံ့သည့် LIFT ရန်ပုံငွေ အချိုး တိုးတက်လာခဲ့သည်။ မဟာဗျူဟာမိတ်ဖက် ဖွဲ့စည်းမှုပုံစံကိုလည်း ၂၀၁၆ ခုနှစ်တွင်ပင် တည်ထောင်ခဲ့ပြီး၊ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်ဒေသနှင့် တောင်တန်းဒေသများရှိ ရွေးချယ်ထားသော မြို့နယ်များတွင် အသေးစားထောက်ပံ့ငွေရန်ပုံငွေများ တည်ထောင်နိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်မှစတင်၍ ရန်ပုံငွေထောက်ပံ့ရာ တွင် မိတ်ဖက်CSOများ အတွက် ရန်ပုံငွေအချိုးတစ်ခုကို သီးသန့်ထား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း LIFT ရန်ပုံငွေ ဘုတ်အဖွဲ့က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဆုံးဖြတ်ခဲ့သည်။

## အသေးစားထောက်ပံ့ရန်ပုံငွေများ

၂၀၁၈ ခုနှစ် ပထမ(၆)လအတွင်းတွင် အသေးစား ထောက်ပံ့ရန်ပုံငွေ (၃) ခုတို့သည် အပြည့်အဝ လည်ပတ် လုပ်ကိုင်လာနိုင်ခဲ့ကြပြီး၊ စီမံချက် လည်ပတ်မှုပုံစံများကို ဖော်ထုတ်၍ စမ်းသပ်ခဲ့ကာ၊ မြို့နယ်အလိုက် ဆန်းစစ်ခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ မြို့နယ်အဆင့် ကွန်ရက်များဖွဲ့စည်းခြင်းကို ပံ့ပိုး ကူညီပေးခဲ့ပြီး၊ ထောက်ပံ့ကြေးခွင့်ပြုချက်ပေးရန် ကိုယ်စားပြုနိုင်သည့် အကြံပေးကော်မတီများ ဖွဲ့စည်းနိုင်ခဲ့သည်။

တောင်တန်းဒေသအတွက် မြို့နယ်ရန်ပုံငွေကို SWISSAID၊ မေတ္တာနှင့် GRET အဖွဲ့တို့ပူးပေါင်း၍လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသအတွက် GRET အဖွဲ့က လည်းကောင်း၊ အပူပိုင်းဇုန်အသေးစား ထောက်ပံ့ရန်ပုံငွေကို PACT အဖွဲ့က လည်းကောင်း အကောင်ထည်ဖော်ခဲ့သည်။ ၂၀၁၈ခုနှစ်ကုန်တွင် မြို့နယ်အဆင့် CSO ပေါင်း ၃၀၀ နီးပါးခန့်ကို ရန်ပုံငွေ ပံ့ပိုးနိုင်ခဲ့သည်။

LIFTသည် မြို့နယ်အဆင့်တွင် ထောက်ပံ့မှု များ ဆက်လက်ဆောင်ရွက်သွားပါမည်။ မြို့နယ်အဆင့်ဆိုသည်မှာ အသိသာ အထင်ရှားဆုံးသော အသက်မွေးဝမ်းကျောင်း အလေ့အထများနှင့် မူဝါဒများကို သတ်မှတ် ပြဌာန်းသည့် နေရာတစ်ခုဖြစ်ပြီး၊ မြန်မာ့ပြည်သူများ၏ ဘဝများအပေါ် သက်ရောက်မှုရှိနေပါသည်။ ထို့အတူပင် ကျေးရွာအဆင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံအဆင့်/ပြည်နယ်၊တိုင်းဒေသကြီးအဆင့် အရပ်ဘက်အဖွဲ့အစည်းများအကြား ချိတ်ဆက်မှု များကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်နိုင်သည် မှာလည်း မြို့နယ်အဆင့်ပင်ဖြစ်ပါသည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ကျား/မ တန်းတူညီမျှမှု

အမျိုးသမီးများသည် LIFT မှ ရန်ပုံငွေထောက်ပံ့သော CSOs များမှတဆင့် စီးပွားရေးတွင် အားလုံး ပိုမို ပါဝင်စေရန် လှုံ့ဆော် အားပေးနေပြီး အားလုံး ပါဝင်မှုကိုလည်း ရရှိနေကြောင်း အသေးစား ထောက်ပံ့ရန်ပုံငွေအဖွဲ့များက အစီရင်ခံထားသည်။ အရည်အချင်းပြည့်ဝသည့် အမျိုးသမီးများဦးဆောင်ပြီး LIFTမှ ရန်ပုံငွေထောက်ပံ့ထားသည့် CSOs (၁၉)ဖွဲ့ ရှိသည့် အပြင်၊ ဝင်ငွေ တိုးတက်စေရေး သင်တန်းများနှင့် ငွေကြေးအရ

### သင်သိပါသလား?

LIFTသည် မြန်မာနိုင်ငံ အရပ်ဘက်လူမှု အဖွဲ့အစည်းများက တိုက်ရိုက်စီမံခန့်ခွဲသည့် စုပေါင်းရန်ပုံငွေပမာဏအချိုးအစား ကို စဉ်ဆက်မပြတ်စောင့်ကြည့်နေပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT ရန်ပုံငွေ၏ ၂၁% ကို မြန်မာနိုင်ငံ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) များသို့ ထောက်ပံ့ပေးခဲ့ရာ အကြမ်းဖျင်း အားဖြင့် အမေရိကန်ဒေါ်လာ ၁၃.၁ သန်းခန့် ဖြစ်သည်။

မှီခိုနေရမှုလျှော့ချရေးသင်တန်းများ၏ အကျိုးရလဒ်အဖြစ် အပြန်အလှန်ချိတ်ဆက်နေသော အသက်မွေးဝမ်းကျောင်းစနစ်များတွင် အမျိုးသမီးများ ကိုယ်တိုင် ပိုမိုပူးပေါင်းပါဝင်လာကြသည်။

LIFT၏ မဟာဗျူဟာမိတ်ဖက်တစ်ဖွဲ့ဖြစ်သည့် ကျား၊မ ရေးရာတန်းတူညီမျှရေးကွန်ရက် (Gender Equality Network - GEN) သည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ရန် လှုံ့ဆော်အားပေးလျက်ရှိသည်။ GEN အဖွဲ့သည် နိုင်ငံတကာအဆင့်၊ နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ၊ ဆွေးနွေးပွဲများကို စီစဉ်ပြုလုပ်၍ ယင်းအခမ်းအနားများတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအကြောင်း မီဒီယာများ၏ အာရုံစိုက်မှု ရရှိစေလျက် အမျိုးသမီးများအား တက်ရောက်သူများ၊ ဦးဆောင်ဆွေးနွေးသူများ၊ အုပ်စုကိုယ်စားရှင်းလင်းတင်ပြသူများအဖြစ် ဆောင်ရွက်စေခြင်းဖြင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကို မြှင့်တင်ပေးသည်။ ၂၀၁၈ ခုနှစ်တွင် GEN ကွန်ရက်သည် အထောက်အထား အခြေပြုသည့် လှုံ့ဆော်အားပေးမှု လုပ်ငန်းအတွက် အောက်ပါ သုတေသန လေ့လာမှုများစွာတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

## မဟာဗျူဟာမိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ခြင်း

LIFT သည် နိုင်ငံအဆင့်တွင် အရပ်ဘက် အဖွဲ့အစည်းများနှင့် မဟာဗျူဟာမိတ်ဖက်ဖွဲ့စည်းဆောင်ရွက်မှု (၆) ခု တည်ထောင်နိုင်ခဲ့ပြီ ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)၊ ကျား၊မရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN) နှင့် မြေယာမဏ္ဍိုင်လုပ်ငန်းအဖွဲ့ (LCG) တို့သည် ကွန်ရက်အခြေခံသည့် အဖွဲ့များဖြစ်ပြီး၊ ကျား၊မအခြေပြု ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှု၊ မြေဆီလွှာကောင်းမွန်မှု၊ လယ်ယာမြေဥပဒေ၊ အမျိုးသမီးများ နိုင်ငံရေးတွင် ပူးပေါင်းပါဝင်မှု စသည်တို့ပါဝင်သော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သုတေသနလုပ်ငန်းများနှင့် နိုင်ငံအဆင့် တိုက်တွန်းအားပေးလှုံ့ဆော်ခြင်းလုပ်ငန်းများကို အဓိက ဆောင်ရွက်သည်။

မေတ္တာ ၊ NAG နှင့် KMSS တို့သည် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ သုတေသန၊ မူဝါဒနှင့် ကျင့်ထုံးဆိုင်ရာ စွမ်းဆောင်ရည် ဖွံ့ဖြိုးစေခြင်း၊ ဆန်းသစ်တီထွင်သော နည်းလမ်းဖြင့် စီမံကိန်း ဆောင်ရွက်ခြင်းတို့ကို ဦးတည်ဆောင်ရွက်သည်။

## ရှေ့သို့မျှော်ကြည့်လျှင်

LIFT ရန်ပုံငွေဘုတ်အဖွဲ့၏ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်သည့် အစည်းအဝေးတွင် LIFT၏ အရပ်ဘက် အဖွဲ့အစည်းများအား ပံ့ပိုးကူညီရေး ဆိုင်ရာ အစီအစဉ်နည်းလမ်းကို အတည်ပြုခဲ့သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ရှေ့ပြေး လုပ်ဆောင်ချက်များကို အခြေခံလျှက် အပြည့်အဝနှင့် အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်ထားသည့် ရန်ပုံငွေ ထောက်ပံ့ရေး ပုံစံများဖြစ်ကြသော ဦးတည်နယ်ပယ်ခေါင်းစဉ်အလိုက် သီးသန့်ခွဲဝေထားသည့် ရန်ပုံငွေထောက်ပံ့မှုများ၊ အရပ်ဘက် အဖွဲ့အစည်း များအတွက် သုတေသနပံ့ပိုးမှုများ၊ မဟာဗျူဟာ မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ခြင်း အစီအစဉ်၊ အသေးစားထောက်ပံ့ ရန်ပုံငွေနှင့်  CSO လေ့လာသင်ယူခြင်းနှင့် ကွန်ရက်ဖွဲ့စည်းခြင်း ရန်ပုံငွေတို့သည် ၂၀၁၉ ခုနှစ်တွင် အသင့်ဖြစ်နေပါလိမ့်မည်။





# ကြံ့ကြံ့ခံနိုင်ခြင်း

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အထိခိုက်ခံရဆုံး နိုင်ငံဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ကာလအတွင်း မြန်မာနိုင်ငံ၏ ပျမ်းမျှအပူချိန်နှင့် မိုးရေချိန်စုစုပေါင်းတို့ တိုးလာခဲ့ပြီး၊ အလွန် ပြင်းထန်သော မိုးလေဝသဖြစ်ရပ်များ ပိုမို အတွေ့ များလာကာ၊ ပင်လယ်ရေမျက်နှာပြင်လည်း မြင့်တက်ခဲ့သည်။ ဤပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံရှိ လူတစ်ဦးချင်းအပေါ် သက်ရောက်မှု ရှိသော်လည်း၊ ဆင်းရဲနွမ်းပါးသူများ၊ ထိခိုက်လွယ်သူများ နှင့် လုပ်ကွက်ငယ်စိုက်ပျိုးရေးကို မှီခိုနေသူများမှာ အများဆုံးထိခိုက်ခံကြရသည်။ LIFTသည် ထိုအိမ်ထောင်စုအတွက် ရည်ရွယ်ပြီး ရာသီဥတုကြောင့် ရုတ်တရက်ထိခိုက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် ရာသီဥတု ပြောင်းလဲမှုနှင့် အညီ လိုက်လျောညီထွေ ပြောင်းလဲနိုင်ရန် အတွက် ယင်းအိမ်ထောင်စုများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးပါသည်။

LIFT၏ အစီအစဉ်များမှတဆင့် အိမ်ထောင်စုများနှင့် ပြည်သူများကို အောက်ပါတို့ ဆောင်ရွက်နိုင်စေရန် ပံ့ပိုးကူညီပေးလျက်ရှိသည် -

- စိုက်ပျိုးရေးကဏ္ဍအတွင်း တန်ဖိုးမြှင့်တင်ခြင်း နှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ခြင်း (တက်လှမ်း)
- စိုက်ပျိုးရေးလုပ်ငန်းမှ အခြားသော ထုတ်လုပ်မှု ကောင်းသည့်ကဏ္ဍများသို့ ကူးပြောင်းခြင်း (ထွက်ခွာ)
- စိုက်ပျိုးရေးကို ဘေးကင်းလုံခြုံသည့် အခြေခံလုပ်ငန်းတစ်ခုအဖြစ် အသုံးပြု၍ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝမှု တိုးတက်စေခြင်း (တောင့်ထား)

LIFT၏ အစီအစဉ်များသည် စိုက်ပျိုးရေး ဂေဟဇုန် တစ်ခုချင်းစီရှိ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဦးတည်သော အခြေအနေအလိုက် သီးသန့်လုပ်ငန်းများဖြင့် ကြံ့ကြံ့ခံနိုင်ရေးကို တည်ဆောက်ပေးပါသည်။ စီမံကိန်းများနှင့် အစီအစဉ်များသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်၍ အဆင့်အတန်း သတ်မှတ်ပြီးနောက်၊ နောက်ဆုံးရအချက်များဖြင့် ပုံမှန်မွမ်းမံပြင်ဆင်ထားသည့် ဆုံးရှုံးနိုင်ခြေစာရင်းတွင် သင့်လျော်သော လုပ်ငန်းများကို ရှင်းလင်း ဖော်ပြပေးသည်။

## မြစ်ဝကျွန်းပေါ်ဒေသ

မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်သည် မျိုးစေ့တန်ဖိုးမြှင့် ကွင်းဆက်ကို ခိုင်မာစွာဦးတည်ထားပြီး၊ စိုက်ပျိုးရေး ကဏ္ဍအတွင်းတွင်ပင် တောင်သူများအား ထုတ်ကုန်အလိုက် “တန်ဖိုးမြှင့်တင်ရန်” ကူညီပေးသည်။ မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်သည် ရာသီဥတု ပြောင်းလဲမှုကြောင့် ကာလရှည် သက်ရောက်မှုများကိုလည်း မျှော်ကြည့်ပြီး၊ ဒေသခံ အရည်အသွေးမြင့် မျိုးစေ့အမျိုးမျိုးကို ကာကွယ်ထိန်းသိမ်း၍ ဇီဝမျိုးစုံမျိုးကွဲများကို ဘေးကင်းလုံခြုံစေသည်။

တောင်သူများက အရည်အသွေးမြင့် မျိုးစေ့များကို လက်လှမ်းမီရရှိပါက ရာသီဥတုကြောင့် ဖြစ်ပေါ်သည့် ရုတ်တရက် ထိခိုက်မှုများနှင့် ဖိစီးမှုများကို ကြံ့ကြံ့ခံနိုင်မှုများ ရေရှည်တွင် တိုးတက်လာပါလိမ့်မည်။

ကြံ့ကြံ့ခံနိုင်ခြင်းဆိုသည်မှာ ရာသီဥတု ပြောင်းလဲမှု၊ နိုင်ငံလွှမ်းခြုံအဆင့်နှင့် အသေးစား လူမှုစီးပွား ဖိအားများကြောင့် ရုတ်တရက် ထိခိုက်မှုများနှင့် ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် ပြန်လည် ထူထောင်နိုင်ရန်အတွက် လူတစ်ဦးချင်း၊ အိမ်ထောင်စုအလိုက်နှင့် ရပ်ရွာအလိုက် စွမ်းဆောင်ရည် တိုးမြှင့်ထားခြင်းကို ဆိုလိုသည်။

နွေရာသီခြောက်သွေ့ချိန်တွင် ကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းနိုင်သော ထွက်နှုန်းမြင့်မားသည့် စပ်မျိုးစပါးများ စိုက်ပျိုးခြင်းသည် စပါး အထွက်နှုန်း မြင့်မားစွာထွက်ရှိနိုင်သည့် အလားအလာ ကောင်းသော မြစ်ဝကျွန်းပေါ်ဒေသတွင် ဆန်စပါးကို အချိန်ပြည့် တိုးချဲ့ ထုတ်လုပ်နိုင်စွမ်းရှိစေသည်။ ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ထားသော တောင်သူအဖွဲ့အစည်းများမှတဆင့် မြေဆီလွှာ စမ်းသပ်မှုရလဒ်များကို အခြေခံလျက် အသုံးပြု သင့်သည့် မြေသြဇာဆိုင်ရာ အကြံပြုချက်များ ကိုလည်း ထောက်ပံ့ ပေးနေပြီး၊ ရလဒ်အဖြစ် နိုက်ထရိုဂျင် ဓါတ်မြေသြဇာအသုံးပြုမှု ၅၀% ခန့် လျော့ကျသွားခဲ့သည်။

## အပူပိုင်းဇုန်ဒေသ

အပူပိုင်းဇုန်ဒေသတွင် ကျင့်သုံးခဲ့သည့် သစ်စိမ်း မြေသြဇာနည်းလမ်းသည် မြေဆီလွှာအတွင်း အော်ဂဲနစ်ပစ္စည်းများ တိုးတက်စေခဲ့သည်။ ဤနည်းလမ်းသည် ရေရှည်တွင် ကာဗွန်စုပ်ယူမှု တိုးတက်စေပြီး၊ ကာလတို မိုးခေါင်မှုများအပေါ် မြေဆီလွှာ၏ ကြံ့ကြံ့ခံနိုင်ရည် တိုးတက်စေပါသည်။

မြို့နယ် ၆ မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူ ၂၅၀၀၀ ကျော်တို့အား စိုက်ပျိုးရေးဆိုင်ရာ ကျင့်ထုံးကောင်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုရှိသော စိုက်ပျိုးရေး အကြောင်း သင်တန်းများ ပို့ချပေးခဲ့သည်။

တောင်သူများသည် မြေဆီလွှာ၊ သီးနှံများနှင့် ယင်းတို့အပေါ် ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုများကို သင်ယူလေ့လာခဲ့ကြသည်။ ထိုတောင်သူများက ယခုအခါ အပင်များ လိုအပ်ချိန်တွင်သာ မြေဩဇာကို အများဆုံး ထည့်ပေးခြင်းဖြင့် တိုးတက်သော မြေဩဇာ အသုံးချနည်းကို ကျင့်သုံးနေကြသည်။ ထို့အပြင် သီးနှံအမျိုးမျိုးကို အလှည့်ကျ စိုက်ပျိုးခြင်းနှင့် အပင်ကာကွယ်ရေး နည်းလမ်းများအကြောင်း လေ့လာသင်ယူခဲ့ကြပြီး မျိုးသန့်ထားသော သီးနှံမျိုးကွဲများကို အသုံးပြုနေကြပြီဖြစ်သည်။

## ရခိုင်ဒေသ

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဆိုင်ကလုန်း မုန်တိုင်းဒဏ် အခံရဆုံး ဒေသတစ်ခုဖြစ်ပြီး၊ ရေကြီးခြင်းနှင့် ပင်လယ်ဆားငန် ရေဝင်ရောက်ခြင်း ကဲ့သို့သော ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှု များကြောင့်လည်း အလွန် ထိခိုက်လွယ်ပါသည်။ ရခိုင်ပြည်နယ် တက်လမ်းအစီအစဉ်အရ စပါးကွင်း ၄၂,၀၀၀ ဧကအား ပင်လယ် ဆားငန်ရေ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန် အတွက် ၁၄၀ ကီလိုမီတာရှည်လျားသော တာတမံများ တည်ဆောက်ပေးခဲ့ရာ အိမ်ထောင်စု ၇,၀၀၀ ကျော် အတွက် ကြံ့ကြံ့ခံနိုင်မှု တည်ဆောက် ပေးနိုင်ခဲ့သည်။ ဤလုပ်ငန်းများသည် တောင်သူများအား စိုက်ပျိုးရေး ကဏ္ဍအတွင်း "တန်ဖိုးမြှင့် တင်ခြင်း" ဖြစ်စေရန် ပံ့ပိုး ကူညီပေးနိုင်ခဲ့ပြီး၊ လူမှုစီးပွားဆိုင်ရာ ရုတ်တရက် ထိခိုက်မှုများမှလည်းကောင်း၊ ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများမှလည်းကောင်း ကာကွယ်ပေးနိုင်ခဲ့သည်။

## တောင်တန်းဒေသများ

ချင်းပြည်နယ်တွင် ဆောင်ရွက်သည့် CORAD စီမံကိန်းသည်  ရာသီဥတုနှင့်လိုက်လျောညီထွေရှိ သည့် စိုက်ပျိုးရေး မဟာ ဗျူဟာ တစ်ရပ်အနေဖြင့် ပေါင်းပင်သေများဖြင့် မြေဆီပြန်လည်ကောင်းစေမည့် (သီးနှံသစ်တောရောနှော) နည်းစနစ်များကို မြှင့်တင်ပေးနေပါသည်။ ဤနည်းစနစ်သည် ထုံးတမ်းစဉ်လာ တောင်ယာမီးရှို့စိုက်ပျိုးခြင်း စနစ်အတွက် အစားထိုးနည်းလမ်းတစ်ခုဖြစ်ပြီး၊ ရလဒ်အဖြစ် မြေဆီလွှာအတွင်း ရေဓါတ် ထိန်းသိမ်း နိုင်မှုနှင့် မြေဆီလွှာ(တိုက်စားမှု) ထိန်းသိမ်းရေးကို တိုးတက်စေခြင်း၊ ဖန်လုံအိမ် အာနိသင်ဓါတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချပေးခြင်းနှင့် မြေဆီလွှာအတွင်း ကာဗွန်တိုးတက်သိုလှောင်နိုင်ခြင်းတို့ကို ရရှိစေသည်။

ကချင်ပြည်နယ်တွင် မေတ္တာ (Metta) အဖွဲ့သည် တန်ဖိုးမြင့်မားသော ကျွန်းနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ထွန်းနိုင်သည့် မျိုးစိတ်များအပါအဝင် ဒေသတွင်း ကောင်းစွာစိုက်ပျိုး ဖြစ်ထွန်းနိုင်သည့် သစ်ပင်မျိုးစိတ်များကို စိုက်ပျိုးခြင်းဖြင့် အဆင့်အတန်း နိမ့်ကျနေသော သစ်တောများအား ပြန်လည်စိုက်ပျိုးပြုစုခြင်းကို ဦးတည်လျက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း များကို ဆောင်ရွက်ပါသည်။







# ကျား၊ မ ရေးရာ

LIFT၏ ကျား၊ မ တန်းတူညီမျှမှုကို အဓိကကဏ္ဍအဖြစ် ထည့်သွင်းခြင်းအစီအစဉ်သည် ၂၀၁၈ ခုနှစ်တွင်လည်း ဆက်လက် တိုးတက်ခဲ့သည်။ LIFT သည် ကျား၊ မ တန်းတူညီမျှမှုကို နားလည်သတိပြုစေခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ဖော်ထုတ်ရေးဆွဲခဲ့ပြီး၊ ယင်းလမ်းညွှန်ချက်များကို စီမံကိန်း ဒီဇိုင်းရေးဆွဲသည့် အဆင့်မှစ၍ ပေါင်းစပ် ထည့်သွင်းကျင့်သုံးနိုင်ရေး အတွက် စီမံကိန်းအဆိုပြုလျှောက်လွှာ ဖိတ်ခေါ်ရာတွင် ထည့်သွင်းဖော်ပြထားသည်။

LIFT၏ ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ လုပ်ငန်းစီမံချက်ကို ၂၀၁၈ နှစ်ဦးပိုင်းတွင် အပြီးသတ်နိုင်ခဲ့ရာ၊ ထိုလုပ်ငန်းစီမံချက်တွင် LIFT၏ အစီအစဉ်တစ်ခုချင်းစီတွင် ထည့်သွင်း ဆောင်ရွက်ရမည့် ကျား၊ မ တန်းတူညီမျှမှုနှင့် ပတ်သက်သည့် လုပ်ငန်းများနှင့် ကျား၊ မ ရေးရာ အထူးပြုလုပ်ငန်းများလည်း ပါဝင်သည်။ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းတစ်ခုချင်းစီတွင် ယင်းလုပ်ငန်းပြီးစီးရမည့် မျှော်မှန်းအချိန်ဇယားနှင့် လုပ်ငန်းတိုင်းတာရန် ညွှန်းကိန်းတစ်ခုတို့ ပူးတွဲ ပါဝင်သည်။ အစီအစဉ် တစ်ခု၏ ကျား၊ မ တန်းတူ ညီမျှမှုဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်က ရေးဆွဲ ဖော်ထုတ်၍ (၆)လတစ်ကြိမ် တိုးတက်မှု အစီရင်ခံစာတွင် အသုံးပြုရမည့် စောင့်ကြည့်စစ်ဆေး အကဲဖြတ်မှု ဆိုင်ရာ ဖောင်ပုံစံသစ်များလည်း ပူးတွဲပါဝင်သည်။

LIFTသည် မိတ်ဖက်များအား စွမ်းဆောင်ရည် ကူညီတည်ဆောက်ပေးခြင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၂၀၁၈ ခုနှစ် မေလကုန်တွင် စီမံကိန်းပူးတွဲ အကောင်အထည်ဖော်ဆောင်သည့် မိတ်ဖက်များအား ဒုတိယအကြိမ် ကျား၊ မ တန်းတူ ညီမျှမှုဆိုင်ရာ သင်တန်းတစ်ခုကို ပြုလုပ်ခဲ့သည်။ ကျား၊ မ တန်းတူညီမျှမှုအား အဓိက ကဏ္ဍအဖြစ်ထည့်သွင်းခြင်းကို ပြည်တွင်း မိတ်ဖက်အဖွဲ့များ နားလည်စေရေးအတွက် ဤသင်တန်းတွင် မြန်မာဘာသာဖြင့် ပို့ချပေးခဲ့သည်။

ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ သင်တန်းကို LIFT ရန်ပုံငွေစီမံခန့်ခွဲမှုရုံး (Fund Management Office, FMO) တွင်လည်း ၂၀၁၈ ခုနှစ် အောက်တိုဘာလက ပြုလုပ်ခဲ့သည်။ ဤသင်တန်းသည် FMO ရုံးမှ အစီအစဉ်ပိုင်းဝန်ထမ်းများနှင့် ကျား၊ မ ရေးရာဆိုင်ရာ တာဝန်ခံများကို ၂၀၁၉-၂၀၂၃ ခုနှစ်အတွင်း LIFTက ဆောင်ရွက်မည့် ကျား၊ မ တန်းတူညီမျှမှုကို ပိုမိုဦးတည်သော အစီအစဉ်များအတွက် ကြိုတင် ပြင်ဆင်ပေးခြင်းဖြစ်သည်။

## စိန်ခေါ်မှုများ

အသေးစားငွေချေးလုပ်ငန်းအဖွဲ့အစည်းများက ရပ်ရွာအတွင်း ငွေကြေးစီမံခန့်ခွဲမှု အလေ့အထများနှင့် ဆုံးဖြတ်ချက်မှတ်ရာ တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပြောင်းလဲလာရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အစီရင်ခံခဲ့သည်။ ချင်းပြည် နယ်တွင် စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော LIFT၏ မိတ်ဖက်များကလည်း စိုက်ပျိုးထုတ်လုပ်ရေး ကဏ္ဍအတွင်း အမျိုးသမီးများက အဓိပ္ပါယ်ရှိ၍ တန်းတူညီမျှစွာ ပူးပေါင်း ပါဝင်ရာတွင် လူမှုဆိုင်ရာစံနှုန်းများနှင့် ကျား၊ မ အခန်းကဏ္ဍတို့သည် အတားအဆီးများဖြစ်နေကြောင်း အစီရင်ခံခဲ့သည်။

ပျော့ရှာမြစ်ရေတင်စီမံကိန်းတွင် အမျိုးသမီးများက သင်တန်းများပူးပေါင်းပါဝင်တက်ရောက်ခြင်း



### သင်သိပါသလား?

၂၀၁၈ ခုနှစ်တွင် LIFTက ခေါ်ယူသည့် စီမံကိန်း အဆိုပြုလွှာဖိတ်ခေါ်စာများတွင် ကျား၊ မ တန်းတူညီမျှမှုကို သတိပြု နားလည်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ပါဝင်ခဲ့သည်။ "ရန်ကုန်မြို့ပြအနီးဒေသများတွင် နိုင်ငံတွင်းရွှေ့ပြောင်းနေထိုင် လုပ်ကိုင်သူများ၏ ထိခိုက်လွယ်မှုကို လျှော့ချခြင်း" စီမံကိန်းအတွက် ၂၀၁၈ ခုနှစ်တွင် ရေးဆွဲပြီး၊ ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် LIFT၏ စီမံကိန်း အဆိုပြုလွှာဖိတ်ခေါ်စာတွင် ပထမဆုံးကြိမ်အဖြစ် ရွေးချယ်ရေး စံနှုန်းတစ်ခုဖြစ်သည့် ကျား၊ မ တန်းတူညီမျှမှု လုပ်ငန်းများအတွက် ရန်ပုံငွေ ၂၀% လျာထားရမည်ဟူသော အချက်လည်း ပါဝင်လာခဲ့သည်။

(တောင်သူ အုပ်စုသင်တန်းများတွင် အမျိုးသမီး ၃၅% တက်ရောက်သည်) သည် အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးသည်ဟု ဆိုလိုရာ မရောက်ကြောင်း သတ်မှတ်ဖော်ထုတ်ထားသည်။ များသောအားဖြင့် အမျိုးသမီးများမှာ ခင်ပွန်းဖြစ်သူက တက်ရောက်နိုင်း သောကြောင့်ဖြစ်ပြီး၊ ၎င်းတို့ သင်ယူလေ့လာခဲ့ရသည့် စိုက်ပျိုး ထုတ်လုပ်ရေးအသိပညာနှင့် ကျွမ်းကျင်မှု များကို အသုံးချရန် ခွင့်ပြုချက်မရခဲ့ကြပါ။

ရခိုင်ပြည်နယ်တွင်မှ Norwegian Refugee Council (NRC) နှင့် Danish Refugee Council (DRC) တို့က ရိုးရာဓလေ့ မဟုတ်သည့် ကဏ္ဍများတွင် အမျိုးသမီးများအား အလုပ်ခန့်အပ်ခြင်းသည် ကျား၊ မ ဆိုင်ရာစံနှုန်းများကို စိန်ခေါ်ရာရောက်ပြီး၊ အိမ်ထောင်စုများအတွင်း တင်းမာမှုများကို ဖန်တီးပေးကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အမျိုးသမီးများက အဓိက ဝင်ငွေရှာသူများ ဖြစ်လာသောအခါ သို့မဟုတ် ရိုးရာဓလေ့အရ အမျိုးသားများသာ လုပ်နိုင်သည်ဟု သီးသန့်သတ်မှတ် ထားသော အလုပ်များကို လုပ်သောအခါတွင် ဆုံးရှုံးနိုင်ခြေရှိပါသည်။ ဤအလုပ်မျိုးသည် အမျိုးသားများနှင့်တန်းတူ အရေးပါသည် ဟူသော ခံစားချက်ဆီသို့ ရောက်ရှိသွားနိုင်သည့်အတွက် တခါတရံတွင် အမျိုးသားများက ၎င်းတို့၏ လွှမ်းမိုးမှုကို ပြင်းထန်စွာ ထုတ်ဖော်ပြောဆိုခြင်းဖြင့် တန်ပြန်ပြုမူတတ်ကြသည်။ ဤစီမံကိန်းတွင် ကျား၊ မ တန်းတူညီမျှမှုအဖွဲ့များ၊ အမျိုးသမီးအဖွဲ့များ၊ ကျား၊ မ ခွဲခြားအကြမ်းဖက်မှုဆိုင်ရာ သင်တန်းများ၊ ပြဿနာ ဖြေရှင်းရေးနည်းလမ်းများ စသည်တို့ကိုလည်းကောင်း၊ နည်းပညာ၊ အသက်မွေးဝမ်းကျောင်းနှင့် ဘဝ ရပ်တည်မှုအတွက် ကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ခဲ့ကြသူများအတွက် ဆက်ဆံရေး ကျွမ်းကျင်မှုများ သင်ကြားပေးခြင်းဖြင့်လည်းကောင်း ထိရောက်သော နည်းလမ်းများစွာတို့ကို









# မသန်စွမ်းမှု

မြန်မာနိုင်ငံတွင် မသန်စွမ်းဖြစ်မှုနှင့်ပတ်သက်သည့် အချက်အလက်များ အလွန်နည်းပါးပြီး၊ အားထားစရာ မရှိပါ။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဆိုသည်မှာ အဓိကအားဖြင့် အသက်အရွယ်ကြီးသူများနှင့် ဆက်စပ်နေသည့် အခြေအနေတစ်ရပ်အဖြစ် ရှုမြင်ကြပြီး၊ ယင်းသို့ ရှုမြင်ခြင်းကြောင့် ပိုမို ငယ်ရွယ်သော လူများ၏ မသန်စွမ်းဖြစ်မှုကို သတ်မှတ်ဖော်ထုတ်မှုများ အလွန်နည်းခြင်းဆီသို့ ဦးတည်သွားစေပါသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းဖြစ်မှုဆိုသည်မှာ စဉ်ဆက်မပြတ် ကြိုတင်ကာကွယ်မှုမရှိခြင်း၊ သင့်တင့်လျောက်ပတ်သော ကျန်းမာရေး စောင့်ရှောက်မှု အခြေခံအဆောက်အဦ မရှိခြင်းနှင့် မသန်စွမ်းသူများအား ပြုစုဆက်ဆံရမည့် နည်းလမ်းများနှင့်ပတ်သက်သည့် သီးသန့် အသိပညာမရှိခြင်းဟူသော အချက်များနှင့် ချိတ်ဆက်နေဟန်ရှိပါသည်။

မြန်မာနိုင်ငံရှိ မသန်စွမ်းဖြစ်နေသော လူပုဂ္ဂိုလ်အားလုံးအတွက်နှင့် အထူးသဖြင့် သက်ကြီးရွယ်အိုများအတွက် အရေးကြီးသော အချက်မှာ အစိုးရနှင့် အလှူရှင်အဖွဲ့အစည်းများက မိမိတို့၏ မသန်စွမ်းမှု ကြိုတင်ကာကွယ်ရေးနှင့် ပြုစုဆက်ဆံရေး အစီအစဉ်များဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းအမျိုးအမျိုးစုကို ပြန်လည်သုံးသပ်စုစည်းရန်နှင့် အသက်အရွယ် ကြီးမြင့်လာနေသည့် လူဦးရေသည် ရပ်တန့်နေခြင်း မရှိသောကြောင့် ယင်းသို့ ပြန်လည်သုံးသပ် စုစည်းမှုကိုလည်း ချက်ချင်းပြုလုပ်ရန်ဖြစ် သည်။

*—မြန်မာနိုင်ငံရှိ မသန်စွမ်းဖြစ်မှုနှင့် သက်ကြီး ရွယ်အိုများ၏ အခြေအနေကို သရုပ်ခွဲလေ့လာခြင်း (HelpAge International, 2018)*

LIFTသည် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများနှင့် ရပ်ရွာလှုပ်ရှားမှုများတွင် မသန်စွမ်းသူများ ပိုမို ပူးပေါင်းပါဝင်လာစေရေးဆိုင်ရာ လုပ်ငန်းများကို ၂၀၁၈ ခုနှစ်တွင် တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် လူမှုဆိုင်ရာ ကာကွယ်ပေးခြင်းနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများတွင် မသန်စွမ်းသူများ အားလုံးပါဝင်စေရေးဟု အမည် ပေးထားသော ရန်ပုံငွေ တစ်ရပ်ကို စတင်ခဲ့သည်။ စီမံကိန်း အဆိုပြုလွှာများကို စိစစ်ရွေးချယ်ပြီးနောက် စီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် မိတ်ဖက်အဖွဲ့ ၅ ဖွဲ့အား လုပ်ငန်းအပ်နှံခဲ့သည်။ ထိုမိတ်ဖက်အဖွဲ့များအနက် ၄ ဖွဲ့တို့ သည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် လုပ်ငန်းများဆောင်ရွက်နေသော ဒေသခံ အဖွဲ့အစည်းငယ်များဖြစ်ကြသည်။

## HelpAge International အဖွဲ့၏ လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ

HelpAge International အဖွဲ့သည် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီများ သို့မဟုတ် လူမှု ကာကွယ်ပေးရေးကော်မတီများက စီမံခန့်ခွဲသည့် လူမှုကာကွယ်စောင့်ရှောက်ရေး ရန်ပုံငွေများ တည်ထောင်ရန်အတွက် ကနဦးရန်ပုံငွေ ကျပ် ၃သန်း (အမေရိကန် ဒေါ်လာ ၂၁၀၀) ကို စီမံကိန်းကျေးရွာများသို့ ထောက်ပံ့ပေးခဲ့သည်။

လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီ များနှင့် စီမံကိန်းဝန်ထမ်းများ ပူးပေါင်းလျက် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ကူညီပေးမည့် ရပ်ရွာစေတနာဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများနှင့် နေထိုင်ရန်နေရာတို့ကို စီစဉ်ဆောင်ရွက်ခဲ့သည်။ ထိုစေတနာ့ဝန်ထမ်းများက သက်ကြီးရွယ်အိုနှင့်

### သင်သိပါသလား?

မသန်စွမ်းသူ အနည်းဆုံးတစ်ဦးရှိနေသည့် အိမ်ထောင်စုအရေအတွက်သည် LIFTမှ ပံ့ပိုးကူညီသော အခြား ကျေးရွာ များတွင် ၁၄% ရှိနေခြင်းထက် အပူပိုင်းဇုန်ဒေသတွင် ၁၆% ဖြင့် အနည်းငယ်ပိုမိုများပြားစွာတွေ့ရှိရသည်။

မသန်စွမ်းသူ ၆,၀၀၀ နီးပါးကို လူမှုဆိုင်ရာ စောင့်ရှောက်မှုများ ထောက်ပံ့ပေးနိုင်ခဲ့သည်။ ဤစီမံကိန်းသည် ကျေးရွာများတွင် ပညာရှင်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုများ ထောက်ပံ့ ပေးနိုင်ရန်အတွက် မြို့နယ်ကျန်းမာရေးအရာရှိများ နှင့်လည်း ချိတ်ဆက်မှုများ ပြုလုပ်ခဲ့ပြီး သက်ကြီး ရွယ်အိုနှင့် မသန်စွမ်းသူ ၅၀၀၀ နီးပါးတို့က ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများထံမှ ကျန်းမာရေးဝန်ဆောင်မှုများ လက်ခံရရှိခဲ့သည်။ ထိုဝန်ဆောင်မှုများသည် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး သက်သာစေခြင်းသာမက စိတ်ပိုင်းဆိုင်ရာ အကူအညီလည်း ဖြစ်စေခဲ့သည်။ ဝန်ဆောင်မှု လက်ခံရရှိခဲ့သူများက တကိုယ်ရေကျန်းမာရေးတိုး တက်လာခြင်း၊ မိမိကိုယ် မိမိယုံကြည်မှုရှိလာခြင်း၊ စိတ်ဓါတ်ကျဆင်းမှု လျော့နည်းလာခြင်းနှင့် အနာဂတ်အတွက် မျှော်လင့်ချက်များ ရှိလာခြင်း တို့ကြောင့် ဂုဏ်သိက္ခာတိုးတက်လာသည်ဟု ခံစားရကြောင်း ပြောကြားခဲ့ကြသည်။

HelpAge အဖွဲ့သည် အသက် ၈၅ မှ ၉၀ နှစ် အကြားရှိသည့် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်များပေးအပ်သည့် စီမံကိန်း တစ်ခုကိုလည်း နိုင်ငံတော်အစိုးရက သက်ကြီး ပင်စင်များ စတင်ထောက်ပံ့ပေးသည့် ၂၀၁၈ ခုနှစ် အောက်တိုဘာအထိ အကောင်အထည်ဖော်ခဲ့သည်။ ဤစီမံကိန်းသည် ၂၀၁၈ ခုနှစ်တွင် သက်ကြီး ရွယ်အို ၁၆၇၁ ဦးအား လူမှုရေးပင်စင်များ ထောက်ပံ့ ပေးခဲ့သည်။ မသန်စွမ်းသူ ၂၁၆၅ ဦးအတွက်လည်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

## အရပ်ဘက်အဖွဲ့အစည်းများနှင့် မသန်စွမ်းဖြစ်မှု

### ရွှေရောင်ပုလဲ (GOLDEN PEARL)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးရှိ မသန်စွမ်းသူများ (PWDs) သည် ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများ အကန့်အသတ်ဖြင့်သာ ရရှိပြီး လက်လှမ်းမီမှု နည်းပါးသည်ကို သတိပြုမိပြီးနောက်၊ မသန်စွမ်းသူများအား ကူညီပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများ တိုးတက် ပေးအပ်နိုင်ရေးအတွက် ရွှေရောင်ပုလဲအဖွဲ့ကို ၂၀၁၅ ခုနှစ် မေလတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ လူ ၃ ဦးဖြင့် စတင်တည်ထောင်ခဲ့သည်။ အဖွဲ့တည်ထောင်သူများက စေတနာ့ဝန်ထမ်းများ အဖြစ် လုပ်ကိုင်ခဲ့ပြီး၊ မသန်စွမ်းသူများ ရှိနေသည့် နေအိမ်များသို့ သွားရောက်လည်ပတ်၍ အပြန်အလှန်ဆက်သွယ်ခဲ့ကာ စိတ်ပိုင်းဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးခဲ့သည်။

"မသန်စွမ်းသူတွေအတွက် ဝန်ဆောင်မှုတွေက မြို့ကြီးတွေထက်စာရင် ကျေးလက်ဒေသတွေမှာ ပိုပြီးတော့ ရဖို့ခက်ခဲတယ်၊ ဘီးတပ် ကုလားထိုင် ဆိုရင် လားရှိုးမြို့မှာတောင် ရဖို့ မလွယ်တော့၊ ရန်ကုန်အထိ သွားဝယ်ရတယ်၊ အဲဒီတော့ ပိုက်ဆံလည်း အများကြီး ပိုကုန်တယ်၊ ခရီးသွားဖို့ အချိန်လည်း ပေးရတော့ သက်ဆိုင်ရာမိသားစုတွေက မဝယ်နိုင်ကြတော့ဘူး" ဟု ရွှေရောင်ပုလဲအဖွဲ့မှ စီမံကိန်း လက်ထောက်ဖြစ်သူ ဒေါ်မိုးသူဇာက ပြောကြားခဲ့သည်။

Golden Pearl အဖွဲ့သည် တောင်တန်း ဒေသမြို့နယ်ရန်ပုံငွေမှ ထောက်ပံ့ငွေ ရရှိခဲ့ပြီး၊



လှုံ့ဆော်အားပေးမှုလုပ်ငန်းများ၊ မသန်စွမ်းမှု ပြဿနာနှင့်ပတ်သက်၍ အများပြည်သူသို့ အသိအမြင်ဖွင့်ပေးခြင်းတို့ကို အစပျိုးဆောင်ရွက်ရန် အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့်လည်း ချိတ်ဆက်ခဲ့သည်။ ထို့နောက် ကျေးရွာအစုအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း လျှက် ၂၀၁၅ ခုနှစ်တွင် ပြဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအကောင်အထည်ဖော်ရေး လုပ်ငန်းများ အတွက် လှုံ့ဆော်အားပေးခဲ့သည်။ Golden Pearl အဖွဲ့သည် ရုံးခန်းတစ်ခုဖွင့်လှစ်ထားပြီး၊ အချိန်ပြည့်ဝန်ထမ်းများလည်း ခန့်အပ်ထားသည်။

Golden Pearl အဖွဲ့သည် ရွှေရောင်အနာဂတ်ဟု အမည်ပေးထားသော မသန်စွမ်းသူများ ကွန်ရက်တစ်ခုကိုလည်း တည်ထောင်ထားပြီး၊ မသန်စွမ်းဖြစ်နေသည့် လူများနှင့်ပတ်သက်၍ အများပြည်သူအသိအမြင်ဖွင့်ပေးရေး လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်နေသည်။


"ရွှေရောင်ပုလဲအဖွဲ့က ဝန်ထမ်းတွေ ကျွန်မအိမ် လာလည်တုန်းကဆိုရင်၊ ကျွန်မက အခန်းထဲ ဝင်ပုန်းနေပြီး၊ အိမ်သားတွေကို ကျွန်မအိမ်မှာ မရှိဘူးလို့ ပြောခိုင်းထားတာ။ ကျွန်မက ရဲမေအနေနဲ့ ၁၄ နှစ်လောက် တာဝန်ထမ်းဆောင်ခဲ့တယ်၊ နောက်ပိုင်း ကျွန်မ မျက်စိကွယ်သွားတော့ ကျွန်မ မြတ်နိုးတဲ့ အလုပ်က ထွက်လိုက်ရတယ်၊ ကျွန်မမျက်လုံးတွေ ရုတ်တရက် အမြင်အာရုံ ဆုံးရှုံးသွားတော့ ကျွန်မ ဆွေမျိုးတွေ၊ ရင်းနှီးတဲ့ သူငယ်ချင်းတွေကလွဲရင် ဘယ်သူ့ကိုမှ စကား မပြောချင်တော့ဘူး၊ ရွှေရောင်ပုလဲအဖွဲ့က ဝန်ထမ်းတွေ ကျွန်မဆီ အမြဲတမ်းလာပြီး အားပေးကြ၊ ကူညီကြတော့ ကျွန်မ ကိုယ်ကိုကိုယ် ယုံကြည်မှု ပြန်ရှိလာတယ်၊ တခြား ကျွန်မလို မသန်စွမ်းသူတွေ ကိုလည်း နောက်တခါ ဆုံချင်လာတယ်၊ အခုကျွန်မက ရပ်ရွာပံ့ပိုးကူညီသူ (community facilitator) ဖြစ်လာတယ်၊ အခု ကျွန်မ ကိုယ့်ကိုကိုယ်ရော၊ ကိုယ့်မိသားစုအတွက်ရော၊ အရမ်းဂုဏ်ယူရပါတယ်၊ အထူးသဖြင့် ကျွန်မရဲ့ ကလေးတွေက ကျွန်မအတွက် အရမ်း ဂုဏ်ယူကြတယ်" ဟု မျက်စိအမြင်ဆုံးရှုံးခဲ့သူ မမျိုးက ပြောပါသည်။

ရွှေရောင်ပုလဲအဖွဲ့သည် မသန်စွမ်းသူများအား အသေးစားလုပ်ငန်းများ တည်ထောင်နိုင်ရန် အတွက် ငွေကြေးထောက်ပံ့ ပေးပြီး၊ သက်မွေးပညာ သင်တန်းများကိုလည်း ထောက်ပံ့ပေးခဲ့သည်။ အဖွဲ့သည် မူလတန်းကျောင်းမှစ၍ အများပြည်သူများ၊ အခြားသော CSOs အဖွဲ့များနှင့် အစိုးရဌာနများအား အသိအမြင်ဖွင့်ပေးရေး လှုပ်ရှားမှုများ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်။ လားရှိုးမြို့နယ် စည်ပင်သာယာရေးကော်မတီကိုလည်း လှုံ့ဆော်အားပေးခဲ့ရာ၊ လားရှိုးမြို့တွင် မသန်စွမ်းသူများအတွက် သင့်တော်သည့် အများပြည်သူဆိုင်ရာ အဆောက်အဦများ ဆောင်လုပ်ရန် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုကို ကန်ထရိုက်ပေး နိုင်ခဲ့သည်။

ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးက YMCA နှင့် Golden Pearl အဖွဲ့တို့ကို ချိတ်ဆက် ပေးခဲ့ပြီး၊ YMCA က ၃ နှစ် ကြာ ဆောင်ရွက်မည့် အသေးစားစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ငွေကြေးအရင်းအနှီး အကူအညီပေးရေးစီမံကိန်းတွင် ပါဝင်ရမည့် မသန်စွမ်း လူငယ် ၂၀ ဦးကို သတ်မှတ်ရွေးချယ်ရာတွင် ကူညီပေးခဲ့သည်။

Golden Pearl အဖွဲ့သည် တောင်တန်းဒေသမြို့ နယ်ရန်ပုံငွေမှတဆင့် LIFT၏ အကူအညီရရှိခဲ့ပြီး၊ ယခုအခါတွင် လားရှိုးဒေသရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ပံ့ပိုးကူညီနေသော စံနမူနာပြအဖွဲ့တစ်ခုဖြစ်နေပါသည်။ Golden Pearl အဖွဲ့၏ အလုပ်များကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အခြားမြို့နယ်များသို့လည်း တိုးချဲ့လုပ်ဆောင်နိုင်ရေး အတွက် ယခုအခါ ပြည်နယ်အဆင့်အဖွဲ့အစည်း တစ်ခုအဖြစ် မှတ်ပုံတင်ရန် ဆောင်ရွက်နေပါသည်။

Golden Pearl အဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ် များနှင့် လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် လည်းကောင်း ချိတ်ဆက် ဆောင်ရွက်ခဲ့သည်။ အဖွဲ့၏ လုပ်ဆောင်ချက်ကြောင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် မသန်စွမ်းသူ ၃၀၀ ခန့်ကို ပံ့ပိုးကူညီမှုအသစ်များ ပေးအပ်နိုင်ခဲ့သည်။



# မြေယာ

မြေယာပိုင်ဆိုင်ခွင့်နှင့် အခြားသော သဘာဝ သယံဇာတများဖြစ်ကြသည့် ရေ၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများအား အသုံးပြုခွင့် ရရှိရေးသည် အနာဂတ်ကာလ ရင်းနှီးမြှုပ်နှံမှုများကို သေချာ စေရာတွင် လည်းကောင်း၊ စိုက်ပျိုးရေး ကဏ္ဍနှင့် ယေဘုယျ အားဖြင့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုး တိုးတက်ရေး အတွက်လည်းကောင်း အဓိကကျ ပါသည်။

နိုင်ငံတော်သည် မြေပိုင်ဆိုင်ခွင့်များ ထပ်နေခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ရှင်းလင်း တိကျမှုမရှိခြင်း၊ အကြီးစား မြေယာလုပ်ပိုင်ခွင့် ချထားခြင်း၊ အလွတ်သဘောနှင့် ရိုးရာဓလေ့ဆိုင်ရာ အခွင့်အရေး များပြားပြီး တိုင်ပင်ဆွေးနွေးရန်၊ ညှိနှိုင်း ရန်နှင့် အပေးအယူလုပ်ရန် လိုအပ်ခြင်း စသည့် အခြေအနေများ ရှိနေခြင်းကြောင့် မြေယာအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခြင်းနှင့်ဆက်စပ် နေသော ရှုပ်ထွေးမှုများကို စီမံခန့်ခွဲရာတွင် စိန်ခေါ်မှုများ ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ နှင့် လတ်တလောပြင်ဆင်ချက်များသည် မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၊ မြေယာ အခွင့်အရေးနှင့် မြေယာ ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များကို အများပြည်သူ ဆွေးနွေးပွဲများနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ရှေ့မှောက်သို့ ရောက်ရှိ လာစေပါသည်။

LIFTသည် မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ ပြဿနာရပ် များကို ဖြေရှင်းရာတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်။ မြေယာပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် LIFT၏ မူဝါဒရည်ရွယ်ချက်မှာ တိုင်းရင်းသား အစုအဖွဲ့များအတွက် ရိုးရာဓလေ့ ထုံးတမ်းဆိုင်ရာ မြေပိုင်ဆိုင်ခွင့်များ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတို့တွင် လုပ်ကွက်ငယ် တောင်သူများ၏ မြေယာပိုင်ဆိုင်ခွင့် များ ခိုင်မာရေးကို တိုးမြှင့်ပေးရန်နှင့် ကူညီပံ့ပိုးပေးရန် ဖြစ်သည်။ LIFTသည် မြေယာဆိုင်ရာ လှုပ်ရှားမှု များစွာ တို့ကို ပံ့ပိုးကူညီပေးခဲ့ရာ သုတေသန လုပ်ငန်းများ၊ ဥပဒေဆိုင်ရာသင်တန်းများ၊ ဒေသခံ ပြည်သူများကို အသိအမြင် ဖွင့်ပေးခြင်း၊ အများပြည်သူ နှင့် တိုင်ပင် ဆွေးနွေးခြင်းနှင့် စီမံကိန်းများလည်း ပါဝင်သည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေးဥပဒေ

လက်ရှိမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (Vacant, Fellow and Virgin, VFV) အား ပြင်ဆင်ချက်များကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အတည်ပြု ခဲ့သည်။ ထို့နောက် VFV ဗဟို ကော်မတီက တရားဝင်ခွင့်ပြုချက် မရှိသည့် မြေလွတ်၊မြေလပ်၊မြေရိုင်း အသုံးပြုနေသူများအား ၆ လအတွင်း မြေလွတ်၊မြေလပ်၊မြေရိုင်းအဖြစ် မှတ်ပုံတင်ခြင်း ခွင့်ပြုပေးရန် ရည်ရွယ်ချက်ရှိထားသော ပုဒ်မ ၂၂ (ခ) အား အကောင်အထည်ဖော်ရန် အမိန့်ကြော်ငြာစာ တစ်စောင်ထုတ်ပြန်ခဲ့သည်။ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၊ CSOsများနှင့် ဒေသခံပြည်သူများအကြား ရှုပ်ထွေးမှုနှင့် စိုးရိမ်မှုများဖြစ်ပေါ်စေခဲ့သည်။ GRET, မြေယာ ပင်မလုပ်ငန်းအဖွဲ့နှင့် အခြား အဖွဲ့များက စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် VFV ဗဟိုကော်မတီထံသို့ အကြံပြုစာများတင်ပြခဲ့ပြီး၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဥက္ကဌများထံသို့လည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီများသို့ လည်းကောင်း မိတ္တူများ ပေးပို့ခဲ့သည်။

အကြံပြုချက်များတွင် ကင်းလွတ်ခွင့်ရှိသော မြေအမျိုးအစားများနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ ရှင်းလင်းတိကျသော ဖွင့်ဆိုချက်များ ရေးဆွဲ ထုတ်ပြန်ပြီးသည့် အချိန်အထိ ပြင်ဆင်ချက်အား အကောင်အထည်ဖော်ခြင်းကို ရပ်ဆိုင်းထားရန်လည်း ပါဝင်သည်။ အုပ်စုများအနေဖြင့် မဟာဗျူဟာ ကျ၍ ထိရောက်မှုစွာဖြင့် ဥပဒေအား အကောင်အထည်ဖော် ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပိုမိုလိုအပ်သည် ဟူသော စိုးရိမ်မှုကို ဖော်ပြခဲ့ကြသည်။ အခြားသော အဖွဲ့အစည်းများကလည်း မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေကို ရုပ်သိမ်း၍ ပြင်ဆင်ရေးဆွဲရန် တောင်းဆို ခဲ့ကြသည်။

LIFT သည် အထက်ပါ စိုးရိမ်မှုများစွာတို့ကို မျှဝေ ပေးခဲ့ပြီး၊ LIFT၏ ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ချက်တစ်ခု လွှင့်တင်ထားခဲ့သည်။ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့ဝင် များကလည်း မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ဥက္ကဌအဖြစ် ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးထံသို့ တင်ပြသည့်စာတွင် ပူးတွဲလက်မှတ် ရေးထိုးခဲ့ကြသည်။ မြေလွတ် မြေလပ် မြေရိုင်းစီမံခန့် ခွဲရေးဥပဒေနှင့် ပတ်သက်၍ LIFT၏ စိုးရိမ်မှုများတွင် အောက်ပါအချက်များ ပါဝင်သည် -

- လုပ်ကွက်ငယ်တောင်သူများသည် မြေလွတ်၊မြေလပ်၊မြေရိုင်းများကို ၂၀၁၉ ခုနှစ် မတ်လတွင် မှတ်ပုံတင်ရမည်ဟူသော ဥပဒေ ပြဋ္ဌာန်းချက်အရ၊ ကျေးလက်နေပြည်သူ သန်းပေါင်းများစွာတို့သည် ကျူးကျော် လုပ်ကိုင်သူများအဖြစ် မှတ်ယူခံရပြီး၊ ထောင်ဒဏ် ၂ နှစ်အထိ ပြစ်ဒဏ်နှင့် မြေသိမ်းခြင်း ခံရနိုင်သည်။
- မြေလွတ်၊မြေလပ်၊မြေရိုင်း အများစုတို့သည် တိုင်းရင်းသားဒေသများတွင် တည်ရှိ

နေခြင်းဖြစ်ရာ ဤဥပဒေသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထိခိုက်စေသည်။

- မြန်မာနိုင်ငံတဝှမ်းလုံးတွင် မြေယာဆိုင်ရာ ပဋိပက္ခများနှင့် နစ်နာမှုများ တိုးလာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက်စေနိုင်သည်။
- ရွှေ့ပြောင်းခံပြည်သူများသည် မူလနေရာများရှိ မြေယာများနှင့်ပတ်သက်သည့် အခွင့်အရေးများ ဆုံးရှုံးပြီး၊ လက်ရှိ နေရာများတွင် မြေယာများအား အသုံးပြုသည့်အတွက်လည်း ပြစ်ဒဏ်များ ချမှတ်ခံရနိုင်သည်။
- တိုင်းရင်းသားလူမျိုးစုများ၏ မြေယာ အသုံးပြုခွင့်များနှင့် ရွှေ့ပြောင်းခံ ပြည်သူများ၏ မြေယာပြန်လည်ပိုင်ဆိုင်ခွင့် ကဲ့သို့သော အမျိုးသား မြေအသုံးချမှုဝါဒ၏ အဓိက အနှစ်သာရအချက်များကို ဆိုးကျိုးများ သက်ရောက်စေသည်။


၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြေလွတ်မြေလပ် မြေရိုင်းစီမံခန့်ခွဲရေး ဗဟိုကော်မတီက ကြေညာ ထားသော နောက်ဆုံးရက် ရောက်ရှိရန် ၃ လသာ လိုတော့ကြောင်း LIFTက တွေ့ရှိခဲ့ရသည်။ မြန်မာနိုင်ငံတွင် ကာလရှည် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် တည်ငြိမ်ရေးတို့ တိုးတက်စေရန် စိတ်ဝင်စားမှုနှင့်အတူ LIFT သည် မြေလွတ်မြေလပ်မြေရိုင်း ဥပဒေ အကောင်အထည်ဖော်မှုအား ရပ်ဆိုင်းထားရန်၊ ဥပဒေကို ပြန်လည်ပြင်ဆင်ရန်နှင့် VFV ဗဟိုကော်မတီထံ ဆွေးနွေး တင်ပြလိုကြောင်း နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာစံနှုန်းများ၊ အကောင်းဆုံး ကျင့်ထုံးများနှင့်အညီ မြေယာ စီမံ အုပ်ချုပ်ရေးကို ပြုပြင်ပြောင်းလဲရေးနှင့် ခိုင်မာ အားကောင်းစေရေးအတွက် ပြည့်စုံသော လမ်းပြမြေပုံ တစ်ရပ်ရေးဆွဲဖော်ထုတ်ရန် အကြံပြုခဲ့ပါသည်။

ခွဲဝေချထားပေးပြီးနောက် အသုံးမပြုသည့် မြေလွတ်မြေလပ်မြေရိုင်းများအား ဖော်ထုတ်၍ ပြန်လည်ခွဲဝေချထားပေးရန်၊ စိုက်ပျိုးရေး ကဏ္ဍအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးတက်စေရေးအတွက် အဆိုပါ မြေယာများကို ခိုင်မာသည့် မြေအသုံးပြုခွင့်များ ပေး၍ လုပ်ကွက်ငယ်တောင်သူများသို့ ပြန်လည်ခွဲဝေချထားပေးရန်အတွက် LIFTနှင့် အစိုးရတို့ ချိတ်ဆက် ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုအစိုးရအတွက် ဦးစားပေးလုပ်ငန်း စဉ်တစ်ရပ်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့် ချထားပေးပြီး နောက် နိုင်ငံတော်သို့ ပြန်လည်အပ်နှံသည့် မြေယာများအား ပြန်လည် ခွဲဝေချထားပေးခြင်းအား မြေယာအဓမ္မ သိမ်းယူခြင်းနှင့် ဆက်စပ်နေသော ပြဿနာများကို ဖြေရှင်းပေးရန်၊ တချိန်တည်းတွင် ကျေးလက်နေအဆင်းရဲဆုံး ပြည်သူများအကြား မြေယာမဲ့ ဖြစ်နေခြင်းဟူသော စိန်ခေါ်မှုကို ဖြေရှင်းရန်နှင့် မူလမြေယာပိုင်ရှင်များသို့ မှန်ကန်စွာ ပြန်လည်ပေးအပ်ရန်အတွက် အခွင့်အလမ်း တစ်ရပ်အနေဖြင့် ရှုမြင်နိုင်ပါသည်။

၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေယာ ပြန်လည်ခွဲဝေချထားပေးခြင်းနှင့် ပတ်သက်သည့် ရှေ့ပြေးအစီအစဉ်တစ်ခု အကောင်အထည်ဖော်ရာတွင် ကူညီပေးပါရန် LIFTသို့ အကြောင်းအရာဖော်ပြချက် တစ်စောင် ပေးပို့မေတ္တာရပ်ခံခဲ့သည်။ မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးများတွင် ရှေ့ပြေးနေရာရွေးချယ်ခြင်း အတွက် ကွင်းဆင်း လေ့လာမှုများကို ဆောင်ရွက်ခဲ့ပြီးနောက်၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် ရှေ့ပြေး နေရာ ၂ နေရာကို ရွေးချယ်ခဲ့သည်။ အကြံပေးပုဂ္ဂိုလ်အဖွဲ့တဖွဲ့သည် မြေလွတ် မြေလပ်မြေရိုင်းများ ပြန်လည် ဖော်ထုတ်ခြင်း၊ မြေယာဖွံ့ဖြိုးမှု (REAL DEV Programme) အစီအစဉ်ဖြင့် ပြန်လည်ခွဲဝေချထားပေးခြင်းနှင့် မြေယာ ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်းတို့အတွက် စီမံကိန်းဒီဇိုင်းရေးဆွဲရန် ၂၀၁၈ ခုနှစ် မတ်လတွင် လေ့လာမှုတစ်ခုကို ပြုလုပ်ခဲ့သည်။ တောင်သူများနှင့် ကျေးလက်နေပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလက မကွေးတွင် ပြုလုပ်ခဲ့သည်။ LIFTသည် REAL Dev အစီအစဉ်အတွက် စီမံကိန်းအဆိုပြုလွှာ ဖိတ်ခေါ်စာကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ တွင် ထုတ်ပြန်ခဲ့သည်။

ဤစီမံကိန်းဆောင်ရွက်သည့် အချိန်သည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန် ကြေညာခဲ့သည့် မြေလွတ်၊မြေလပ်၊မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအား ပြင်ဆင်သည့် ဥပဒေနှင့် ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်နေချိန်နှင့် တိုက်ဆိုင်နေခဲ့သည်။ မြေလွတ်မြေလပ် မြေရိုင်း ဥပဒေအား ဆန့်ကျင်သည့် အဖွဲ့အစည်းနှင့် တဦးချင်းပုဂ္ဂိုလ်များစွာတို့က LIFT၏ ဤစီမံကိန်းအား မြေလွတ်၊မြေလပ်၊မြေရိုင်း ဥပဒေကို ထောက်ခံသော လုပ်ရပ်တစ်ခုအဖြစ် ရှုမြင်ကြပြီး၊ စီမံကိန်းကို ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ကြသည်။

မြေလွတ်၊မြေလပ်၊မြေရိုင်းစီမံခန့်ခွဲရေး ဥပဒေနှင့် ယင်းဥပဒေအား ပြင်ဆင်သည့်ဥပဒေနှင့် စပ်လျဉ်း၍ ဤဥပဒေ အကောင်အထည်ဖော်ဆောင်မှုကို ရပ်ဆိုင်းထားသင့်ကြောင်း၊ အစိုးရအနေဖြင့် သက်ဆိုင်ရာ CSOs များနှင့် တိုင်ပင်ဆွေးနွေးရန် တိုက်တွန်းပါကြောင်း ထုတ်ပြန်ချက်တစ်စောင်ကို



LIFT၏ ဝက်ဘ်ဆိုဒ်တွင် လွှင့်တင်ထားပြီး၊ LIFT ရန်ပုံငွေဘုတ်အဖွဲ့ကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးထံ အလားတူ စိုးရိမ်မှုများရှိနေကြောင်း စာတစ်စောင်ရေးသား ပေးပို့ခဲ့သည်။ LIFTထံ တိုက်ရိုက်တင်ပြလာသည့် စိုးရိမ်မှုများအား တုံ့ပြန်သည့်အနေဖြင့် LIFT ရန်ပုံငွေဘုတ်အဖွဲ့ သည် CSOs များနှင့် တိုင်ပင်ဆွေးနွေးပွဲများစွာကို ပြုလုပ်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် REAL DEV အစီအစဉ်နှင့် ပတ်သက်၍ အများပြည်သူနှင့် တိုင်ပင် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။ LIFT သည် စီမံကိန်းအဆိုပြုလွှာ ဖိတ်ခေါ်စာများကို ဆက်လက်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားခြင်းကို ထပ်မံအတည်ပြုခဲ့ပြီး၊ တချိန်တည်းတွင် မြေလွတ်၊မြေလပ်၊မြေရိုင်း ဥပဒေနှင့် ပတ်သက်၍ အငြင်းပွားနေဆဲ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းအဆိုပြုလွှာများ မတင်ပြဘဲ နေလိုက နေနိုင်ကြောင်းကိုလည်း အသိအမှတ်ပြုထားပါသည်။ စီမံကိန်းအဆိုပြုလွှာ တင်ပြရန်ရက်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပိတ်သိမ်းခဲ့ပြီးဖြစ်သည်။

UKaid
ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်

European Union

Australian Aid

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Swiss Agency for Development
and Cooperation SDC

USAID
FROM THE AMERICAN PEOPLE

Canada

Irish Aid
Rialtas na hÉireann
Government of Ireland